# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၂)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်

၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၂ ရက်၊ ကြာသပတေးနေ့။


## မေတ္တာသည် အတ္တမဟုတ်

မေတ္တာသည် စိတ်ရှည်တတ်၏။
မေတ္တာသည် ကျေးဇူးပြုတတ်၏။
မေတ္တာသည် ဂုဏ်ပြိုင်တတ်ခြင်းမရှိ။
မေတ္တာသည် ဝါကြွားတတ်ခြင်းမရှိ။
မေတ္တာသည် မာန်မာနထားခြင်းမရှိ။
မေတ္တာသည် မလျော်သော အကျင့်ကို မကျင့်။
မေတ္တာသည် ကိုယ်ကျိုးမရှာတတ်။

# ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း နော်ဝေနိုင်ငံ အငြိမ်းစားဝန်ကြီးချုပ်နှင့် Oslo ငြိမ်းချမ်းရေးစင်တာ၏ အဖွဲ့ခေါင်းဆောင်အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နော်ဝေနိုင်ငံ အငြိမ်းစားဝန်ကြီးချုပ်နှင့် Oslo ငြိမ်းချမ်းရေးစင်တာ၏ အဖွဲ့ခေါင်းဆောင် Mr. Kjell Magne Bondevik ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နော်ဝေနိုင်ငံ အငြိမ်းစားဝန်ကြီးချုပ်နှင့် Oslo ငြိမ်းချမ်းရေးစင်တာ၏ အဖွဲ့ခေါင်းဆောင် Mr. Kjell Magne Bondevik အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့်မားလာခြင်းကြောင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများ သီလဝါအထူးစီးပွားရေးဇုန်ကို စိတ်ဝင်စားလာ

သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး

**ရန်ကုန် အောက်တိုဘာ ၁**

သီလဝါ အထူးစီးပွားရေးဇုန်ရှိ မြေများတွင် နိုင်ငံပေါင်းစုံမှ လုပ်ငန်းပေါင်း ၅၁ခုနှင့် သဘောတူညီမှု ရရှိထားပြီး တည်ဆောက်ရေးလုပ်ငန်းများ ပိုမိုအရှိန်မြှင့်လာခြင်းကြောင့် လာရောက်ရင်းနှီးမြှုပ်နှံရန် ထပ်မံကမ်းလှမ်းသူများ ပိုမိုတိုးပွားလာနေကြောင်း သီလဝါအထူးစီးပွားရေးဇုန်အများပိုင်ကုမ္ပဏီလီမိတက်မှသိရှိရသည်။

ထို့ပြင် အဆိုပါလုပ်ငန်းမှ သီလဝါ စီးပွားရေးဇုန်အစုရှယ်ယာများကို ပြန်လည်ရောင်းချပေးမည့် အိုတီစီ အစီအစဉ်ကို ယနေ့ အောက်တိုဘာ

*စာမျက်နှာ ၁၃ ကော်လံ ၁* ✳



**စီးပွားရေး လုပ်ငန်းများ ဆောင်ရွက်မည့် သီလဝါအထူး စီးပွားရေးဇုန်၏ လုပ်ငန်းခွင်တစ်နေရာ။**


## ယနေ့ မာတိကာ

ပထမဆုံးအီဘိုလာပိုင်းရပ်စ် အမေရိကတွင် တွေ့ရှိ — စာ ၄

ကားကျပ်သည့်ပြဿနာ ဝိုင်းဝန်းအဖြေရှာ — ဆောင်းပါး — စာ ၆

ဒီမိုကရက်တစ်ရဲလုပ်ငန်းနှင့် မြန်မာ့ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးကြိုးပမ်းမှု(၃) — စာ ၁၀


**ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ငြိမ်းချမ်းရေးပန်းတိုင်

ကမ္ဘာပေါ်ရှိ စစ်ပွဲများသည် ခံယူချက်ကိုယ်စီဖြင့် တိုက်ပွဲဝင်နေကြသည်ဆိုသော်လည်း လူသားအားလုံး၏ဆန္ဒမှာ ငြိမ်းချမ်းစွာနေထိုင်ရေးပင်ဖြစ်သည်။ ငြိမ်းချမ်းရေးသည် သာယာဝပြောသော လူမှုအသိုက်အဝန်းတစ်ရပ် ထူထောင်ရာတွင် မရှိမဖြစ် အရေးကြီးလှပေသည်။ ထို့ကြောင့်လည်း ကျွန်ုပ်တို့နိုင်ငံတွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းလျက်ရှိပါသည်။

များမကြာမီက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)၊ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) နှင့် နိုင်ငံရေးပါတီများ ပါဝင်သော သုံးပွင့်ဆိုင် ဆွေးနွေးပွဲတစ်ရပ်ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ဤကဲ့သို့ အစိုးရ၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများပါဝင်သည့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲသည် ဒုတိယအကြိမ်မြောက် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပြီး ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်တစ်ရပ်အတွက် သမိုင်းဝင်မည့် နေ့တစ်နေ့ဖြစ်သလို အနှစ်သာရလည်းရှိလှပါသည်။ တစ်နည်းအားဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုတွင် နိုင်ငံရေးအင်အားစုများ ပါဝင်လာနိုင်ခြင်းပင်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ အလိုအပ်ဆုံးအရာသည် တိုင်းရင်းသားများနှင့် လူ့အဖွဲ့အစည်းများအားလုံး အတူတကွ အေးအေးချမ်းချမ်းဖြင့် အတူယှဉ်တွဲ နေထိုင်သွားရေးပင်ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်က စက်တင်ဘာလကုန် ရေဒီယိုမိန့်ခွန်းတွင် "နိုင်ငံရေးအင်အားစုများ အားလုံးနဲ့ သဘောထားကြီးမှု၊ စိတ်ရှည်သည်းခံမှုနဲ့ အလေးအနက်ထား ပါဝင်ကြိုးပမ်းအားထုတ်မှုတို့ အထူးလိုအပ်လျက်ရှိတဲ့ အချိန်အခါဖြစ်သလို အခုလို အလွန်အရေးကြီးတဲ့အဆင့်ဖြစ်တဲ့ တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်လက်မှတ်ရေးထိုးရေးကိစ္စကို အောင်မြင်စွာ လုပ်ဆောင်နိုင်မှသာ မိမိတို့နိုင်ငံရဲ့ နိုင်ငံရေးအနာဂတ်ကို ပုံဖော်ထုဆစ်နိုင်မယ့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်မှာဖြစ်ပါတယ်။ အဲဒီလို စတင်နိုင်မှသာ ကြားကာလ နိုင်ငံရေးတည်ငြိမ်မှု၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်မှုနဲ့ ညင်သာတဲ့ နိုင်ငံရေးအသွင်ကူးပြောင်းမှုများကို ရေရာသေချာစေမှာဖြစ်တဲ့ အကြောင်းကိုလည်း သတိပြုစေလိုပါတယ်။ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ အဖွဲ့စွဲနဲ့ အယူဝါဒစွဲများကို ဘေးဖယ်ပြီး ရရှိထားတဲ့ နိုင်ငံရေးဖြစ်ထွန်းမှုများ ဆက်လက်ရှင်သန်ရေးကို အာရုံပြုလုပ်ဆောင်သွားကြဖို့ အလေးအနက်တိုက်တွန်းပါတယ်"ဟု ပြောကြားခဲ့ပါသည်။

မှန်ပါသည်။ ငြိမ်းချမ်းရေးဖြစ်စဉ် အောင်မြင်ရေးအတွက် အလွန်အရေးကြီးသောအဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ရရှိထားသည့် အခြေအနေကောင်းများကို အမိအရဆုပ်ကိုင်၍ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲလျက် ငြိမ်းချမ်းသာယာဝပြောသော လူမှုအသိုက်အဝန်းတစ်ရပ်ကို အမြန်ဆုံး ထူထောင်သွားနိုင်ရန် ဝိုင်းဝန်းကြိုးပမ်း အားထုတ်ကြရတော့မည်ဖြစ်ပါသည်။ မည်သို့ပင် အခက်အခဲအကျပ်အတည်းများရှိစေကာမူ ပြည်သူတစ်ရပ်လုံးက လိုလားတောင့်တနေပြီဖြစ်သော ငြိမ်းချမ်းရေးပန်းတိုင်ဆီသို့ အမြန်ဆုံး အရောက်လှမ်းကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

## ကုလငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဆိုင်ရာသင်တန်း တပ်မတော်သားများတက်ရောက်နိုင်ရေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁**

ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း/ရေ/လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းသည် နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန၊ အထူးအကြံပေးပုဂ္ဂိုလ် Brig. Gen .(Ret) Jan Erik Wilhelmsen ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အားစက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့ဆိုင်ရာ သင်တန်းများတွင် တပ်မတော်သားများ၊ စေလွှတ်တက်ရောက်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးစွာ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး Brig. Gen .(Ret) Jan Erik Wilhelmsen နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E. Ms. Ann Ollestad တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဗိုလ်ချုပ်ကြီး လှဌေးဝင်း နှင့် Brig. Gen.(Ret) JanErik Wilhelmsen တို့သည် အဖွဲ့ဝင်များနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



ညှိနှိုင်း ကွပ်ကဲ ရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး လှဌေးဝင်း နှင့် နော်ဝေနိုင်ငံခြားရေး ဝန်ကြီးဌာန အထူး အကြံပေး ပုဂ္ဂိုလ် တို့သည် အဖွဲ့ဝင်များ နှင့် စုပေါင်း ဓာတ်ပုံ ရိုက်စဉ်။

(သတင်းစဉ်)

## သမိုင်းဝင် ငါးထပ်ကြီး ရုပ်ပွားတော်မြတ် ပဝါရဏာပွဲနှင့် မီးထွန်းပွဲကျင်းပမည်

**ဖြူး အောက်တိုဘာ ၁**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ရှိ သမိုင်းဝင် ငါးထပ်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်စွာဘုရားဝင်းအတွင်း အကြိမ်(၂၀)မြောက် သံဃာတော်အပါး ၂၁၀တို့အား မဟာသံဃပဝါရဏာ လောင်းလှူပွဲကို သီတင်းကျွတ်လပြည့်နေ့ အောက်တို ဘာ ၈ ရက် နံနက်ပိုင်းတွင် မြို့လုံးကျွတ်လှူဒါန်းကြမည်ဖြစ်ပြီး ညပိုင်းတွင် မီးထွန်းပူဇော်ပွဲများ ကျင်းပမည်ဖြစ်သည်။

အဆိုပါငါးထပ်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ကညွတ်ကွင်းမြို့မှ ဘုရားဒါယကာမြေပိုင်ရှင် စက်သူဌေး ဦးကိုးကြူ ဇနီး ဒေါ်အင်မိသားစုက မြန်မာသက္ကရာဇ် ၁၂၇၂ ခုနှစ် (၁၉၁၀) ခုနှစ်၌ မြေဇာ ၄ ဒသမ ၀၁၃ ဧကအတွင်း ဗိသုကာဆရာကြီး ဆရာညွန့်နှင့် စတင်တည်ဆောက် အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်ပြီး ငါးထပ်ကြီး မြတ်စွာဘုရားကို သာသနာရေးဝန်ကြီးဌာနမှ ပဲခူးတိုင်းအတွင်း ၁၆ဆူမြောက် သမိုင်းဝင်ဘုရားတစ်ဆူအဖြစ် ၁-၁-၂၀၀၆ ရက်တွင် သတ်မှတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဘုရားကြီးတည်ဆောက်သည့်နေရာအနီးမှာပင် လယ်ပိုင်ရှင်သူဌေးကြီး ဦးဘိုးညွန့်-ဒေါ်အင်မိသားစုတို့က တည်ဆောက်လှူဒါန်းထားသည့် မဟာဝိဇယ သိမ်တော်ကြီးမှာ လက်ရာ အလွန်မြောက်သည့်ကြေးကနုတ်များ၊ စုလစ်မွမ်းချွန်များနှင့် တင့်တယ်လှပလျက် လက်ရာမြောက်စွာတည်ရှိနေသည်။ အဆိုပါ မဟာဝိဇယသိမ်တော်ကြီးကို ဗိသုကာဆရာကြီး မန္တလေး ဆရာခင်နှင့်သားဆရာဆိုင်တို့က တာဝန်ယူဆောက်လုပ်ခဲ့သည်။ ၁၂၇၀ ခုနှစ် ဝါဆိုလဆန်း ၄ရက်၌ သိမ်တော်ကြီး ပြီးစီးအောင်မြင်ခဲ့ကြောင်းသိရသည်။

ရှေးဟောင်းသမိုင်းဝင် ငါးထပ်ကြီး ဗုဒ္ဓဆင်းတုတော်မြတ်စွာဘုရားနှင့် မဟာဝိဇယသိမ်တော်ကြီးအား ရှေးမူမပျက် ဆက်လက်တည်ရှိရေးအတွက် ဦးဆန်းမြင့်(ဥက္ကဋ္ဌ)၊ ဦးကျင်အင်း ဒု-ဥက္ကဋ္ဌ(၁)၊ ဦးချစ်ဆွေ ဒု-ဥက္ကဋ္ဌ (၂)၊ ဦးတင်ဦး (အတွင်းရေးမှူး)၊ ဦးကျော်မြင့်၊ တွဲဖက်အတွင်းရေးမှူးနှင့်အဖွဲ့ဝင် ၁၃ ဦးပါဝင်သော ဂေါပကအဖွဲ့နှင့်မြို့မိ၊ မြို့ဖများက ထိန်းသိမ်း စောင့်ရှောက်လျက်ရှိကြောင်းသိရသည်။

**ဖြူး-မြင့်ဦး**



## သတ္တမအကြိမ် ဘာလီ ဒီမိုကရေစီဖိုရမ်ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁**

သတ္တမအကြိမ် ဘာလီဒီမိုကရေစီဖိုရမ်ကို အောက်တိုဘာ ၁၀ ရက်မှ ၁၁ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပမည်ဖြစ်သည်။ ဖိုရမ်၏ ဆောင်ပုဒ်မှာ " Evolving Regional Democratic Architecture; the Dynamics of Political Development, Socio- Economic Progress and Public Participation in the Democratic Process" ဖြစ်သည်။

ဖိုရမ်သို့ တက်ရောက်မည့် သတင်းမီဒီယာများအနေဖြင့် အောက်တိုဘာ ၅ ရက်မတိုင်မီ ဝင်ခွင့်ပုံစံများကို ပြည့်စုံစွာဖြည့်စွက်၍ http;// bdf. kemlu. go.id တွင် မှတ်ပုံတင်ရမည်ဖြစ်သည်။ မီဒီယာများနှင့်ပတ်သက်သည့် သိရှိလိုသည့်အချက်များကို Mr. Bob Felix Tobing, Office (+ 62-21) 3813453 / (+ 62-21) 3441508 ext; 4515, Mobile Phone; (+ 62) 81284335664, Email; fasmed. kemlu @ gmail.com သို့လည်းကောင်း၊ Mr. Irman A Nasoetion, Officce; (+ 62-21) 3813453 / (+62-21) 3441508 ext; 4519, Mobile Phone (+62) 85312719856, Email; media. reg @kemlu.go.id သို့လည်းကောင်း စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



# မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရွှေရတုနှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရွှေရတုနှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Grand Ballroom ခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်း၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၊ သံရုံးများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှအရာရှိကြီးများနှင့်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။ (ယာပုံ)**




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ထူးချွန်ဆု ရသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောကြားရာ၌ ခေတ်အဆက်ဆက် ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးကို အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ကြိုးစားဆောင်ရွက်ခဲ့ကြရာ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် ရဲလုပ်ငန်းတာဝန်များကို ပီပီပြင်ပြင်ထမ်းဆောင်ပြီး ပြည်သူလူထု၏အကျိုးကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်သယ်ပိုးမည်ဆိုသည့် အနှစ်သာရသဘောကို ရှေ့တန်းတင်ကာ သာမန်ရဲလုပ်ငန်းလုပ်နေသည့်ရဲအဖွဲ့မှသည် ပြည်သူ့ရဲတပ်ဖွဲ့အဖြစ်သို့ အသွင်ကူးပြောင်းမှုကို ၁၉၆၄ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့က စတင်ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ကြောင်း၊ ထို့ကြောင့် ၁၉၆၄ ခုနှစ်မှစ၍ ပြည်သူနှင့် ရဲ တစ်သားတည်းဖြစ်ရေး ကြိုးပမ်းဆောင်ရွက်မှုသည် ယနေ့ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် နှစ် (၅၀)ပြည့် ရွှေရတုနှစ်ပတ်လည် ကာလတိုင်ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ပြည်သူ့ရဲတပ်ဖွဲ့အဖြစ် ပြောင်းလဲကြိုးပမ်းလာစဉ်မှစ၍ “သစ္စာ၊ သမာဓိ၊ သတ္တိ” ဆိုသည့် ဦးထိပ်ပန်ဆင်ထားသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံနှင့် ပြည်သူအပေါ် သစ္စာရှိရန်၊ မိမိလုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အဂတိကင်းစွာ သမာဓိရှိရှိလုပ်ဆောင်ရန်၊ အမှန်တရားအတွက် သတ္တိရှိရှိ ရဲရင့်စွာ လုပ်ဆောင်ရန်အတွက် ကြိုးစားပြုပြင်ခဲ့သည်ကိုတွေ့ရကြောင်း၊ ထို့အပြင် ရဲတပ်ဖွဲ့ကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် အဖွဲ့အစည်းအဖြစ် ပြောင်းလဲလာစေရေးအတွက် UNDP,UNODC,EU,ICRC တို့၏ ပူးပေါင်းကူညီမှုနှင့် လူ့အခွင့်အရေးဆိုင်ရာများ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကို ပြုလုပ်လေ့ကျင့်ပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ လေ့ကျင့်ပျိုးထောင်ပေးမှုများ၏ ရလဒ်အဖြစ် နိုင်ငံတကာအသိုင်းအဝိုင်းနှင့်ပူးပေါင်းဆောင်ရွက်ပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလနှင့် အနာဂတ်ကာလတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်တွင်းလုံခြုံရေးကိစ္စများကို ပိုမိုခိုင်မာစေရုံမျှသာမက ကမ္ဘာ့လုံခြုံရေးဆိုင်ရာမှုခင်းကိစ္စများကိုပါ တက်ကြွစွာ ပါဝင်ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရားတိုးတက် ကောင်းမွန်ရေးအတွက် ပြည်သူဗဟိုပြုသော ပြည်သူများပူးပေါင်းပါဝင်သည့် စီမံခန့်ခွဲအုပ်ချုပ်မှုပုံသဏ္ဌာန်ကို ပြောင်းလဲဆောင်ရွက်နေမှုများနှင့် လိုက်လျောညီထွေရှိနေစေရန်အတွက် ရဲတပ်ဖွဲ့ဝင်များကလည်း ပြည်သူကိုဗဟိုပြုသောရဲလုပ်ငန်းစနစ် တိုးတက်အောင်မြင်စေရေး အရှိန်မြှင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်သို့ အလုံးစုံကူးပြောင်းရောက်ရှိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် ပြည်သူလူထုက ယုံကြည်စွာ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ရဲတပ်ဖွဲ့အနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်နေခြင်းကို ပေါ်လွင်အောင် ပြုမူကြရမည်ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့တစ်ခုလုံး၏ လုပ်ငန်းတာဝန်ဆောင်ရွက်နေမှုများ ပွင့်လင်းမြင်သာမှုရှိအောင် မီဒီယာမှတစ်ဆင့် ပြည်သူလူထုထံ စဉ်ဆက်မပြတ် ပွင့်လင်းစွာ အသိပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် ၂၁ ရာစု ရဲလုပ်ငန်းကို အတွေးသစ်၊ အမြင်သစ်များဖြင့် အကောင်အထည်ဖော်နေကြခြင်းဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့များ၏ ရဲလုပ်ငန်းဆောင်ရွက်ရာတွင် ဖိနှိပ်မှုပုံစံဖြင့်မသွားဘဲ ထိန်းသိမ်းမှု၊ စီမံခန့်ခွဲမှုပုံစံဖြင့် သွားနေခြင်းကြောင့် တပ်ဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်အားလုံးကို နိုင်ငံတကာစံနှင့်အညီ ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဆောင်ရွက်နေသည့် ဒီမိုကရေစီရဲလုပ်ငန်း၏တိုးတက်မှုသည် ထိန်းချုပ်မှုကိုရှေးရှုသည့် ချဉ်းကပ်မှုမှ ဝန်ဆောင်မှုကို ရှေးရှုသောချဉ်းကပ်မှုအဖြစ် ကူးပြောင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဥပဒေအရအရေးယူဆောင်ရွက်မှု၏ အခြေခံအလေးထားမှုသည် မှုခင်းများဖြစ်လာမှ တုံ့ပြန်ခြင်းထက် မဖြစ်ခင်ကတည်းက ကြိုတင်ကာကွယ်မှုများကို ပြုလုပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရဲလုပ်ငန်း၏အခြေခံမှုများမှာ တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ရဲကျင့်ဝတ်များနှင့်အညီ လူ့အခွင့်အရေးများကို လေးစားမှုနှင့် တာဝန်ထမ်းဆောင်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ ၁၁ ဦးအား ဆုတံဆိပ်များ ချီးမြှင့်ပေးအပ်ပြီး ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စံပြဆုရရှိသူ မူဆယ်ရဲတပ်ဖွဲ့မှ ရဲအုပ် လှသိန်းစိုးအား စံပြရဲဂုဏ်ပြုစလွယ်နှင့်



မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်း တာဝန်များကို စွမ်းစွမ်းတမံ ထူးချွန်စွာဆောင်ရွက်ခဲ့သည့် တပ်ဖွဲ့ဝင်တစ်ဦးအား တစ်ဆင့်မြှင့်ရာထူးအဆင့် တိုးမြှင့်တပ်ဆင်ပေးစဉ်။ (သတင်းစဉ်)

တစ်ဆင့်မြှင့် တံဆိပ်တပ်ဆင်ပေးသည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းက တပ်ဖွဲ့နေ့မိန့်ခွန်းပြောကြားပြီး တာဝန်များကို စွမ်းစွမ်းတမံ ထူးချွန်စွာဆောင်ရွက်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များအား တစ်ဆင့်မြှင့် ရာထူးအဆင့်တိုးမြှင့်တပ်ဆင်ပေးခြင်း၊ ပြည်သူလူထုမှ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသော တာဝန်သိပြည်သူခုနစ်ဦးဖြစ်သည့် ရန်ကုန်-မန္တလေး အမြန်လမ်းတွင် ၂၅-၅-၂၀၁၃ ရက်နေ့ ညနေ ၄ နာရီခွဲ၌ “မန်းရွှေမြို့တော်” ခရီးသည်တင်ယာဉ်တိမ်းမှောက်စဉ် အမြန်လမ်းရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး ဒဏ်ရာရရှိသူများအား ခက်ခက်ခဲခဲကယ်ထုတ်၍ ရှေးဦးပြုစုပေးခြင်း၊ ဆေးရုံသို့ လိုက်ပါပို့ဆောင်ခြင်းများ ဆောင်ရွက်ပေးခဲ့သော ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၊ ဖြူးကြက်ခြေနီတပ်ဖွဲ့ဝင် ဒေါ်သန်းသန်းမြင့်အားလည်းကောင်း၊ ၂၀-၈-၂၀၁၄ ရက်နေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် JJ ခရီးသည်တင်ယာဉ်တိမ်းမှောက်စဉ် လူနာတင်ယာဉ်နှစ်စီးဖြင့် အချိန်မီရောက်ရှိလာပြီး ဒဏ်ရာရရှိသူများအား ရှေးဦးသူနာပြုစုပေးခြင်း၊ ဆေးရုံသို့ ပို့ဆောင်ပေးခြင်းလုပ်ငန်းများဆောင်ရွက်ပေးခဲ့သော မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လူနာတင်ယာဉ်ဝန်ဆောင်မှုလုပ်ငန်း၊ မန်နေဂျာ ဒေါ်နီနီမိုးအား လည်းကောင်း၊ ၃-၈-၂၀၁၄ ရက်နေ့ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် CANTER ယာဉ်တိမ်းမှောက်စဉ် အခင်းဖြစ်နေရာသို့ ချက်ချင်းသွားရောက်ပြီး ရဲစခန်းသို့ ဖုန်းဆက်အကြောင်းကြားခြင်း၊ ဒဏ်ရာရရှိသူများကို ကြိုးစား၍ ကယ်ထုတ်ခြင်း၊ ပစ္စည်းများပျောက်ဆုံးခြင်းမရှိအောင် ထိန်းသိမ်းပေးခြင်း၊ အမြန်လမ်းတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များရောက်ရှိလာသည့်အခါ ဒဏ်ရာရရှိသူများကို ဆေးရုံသို့အချိန်မီပို့ဆောင်ရေးဝိုင်းဝန်းကူညီပေးခြင်းများဆောင်ရွက်ပေးခဲ့သော မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ငါးတပုံကျေးရွာနေ ဦးရွှေဗျိုင်းအားလည်းကောင်း၊ ကိုယ်တိုင်လူကုန်ကူးခံခဲ့ရမှုအပေါ် သင်ခန်းစာရယူ၍ ဘဝတူအမျိုးသမီးများ ထိုသို့မဖြစ်စေရေးအတွက် ကိုယ်တွေ့အဖြစ်အပျက်များကို သတင်းထောက်များနှင့်တွေ့ဆုံရိုက်ကူး၍ ပညာပေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ လူကုန်ကူးခံရသူများ နေရပ်သို့ပြန်လာနိုင်ရေး ငွေကြေးအကုန်အကျခံဆောင်ရွက်ပေးခြင်း၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များအား ဆက်သွယ်သတင်းပေးပို့မှုကြောင့် လူကုန်ကူးမှုအမှုများ ဖော်ထုတ်နိုင်ခဲ့ခြင်းများဆောင်ရွက်ပေးခဲ့သော ရန်ကုန်တိုင်း

## ပြည်တွင်းသတင်း

ဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာနေ ဒေါ်မိုးမိုးလတ်အားလည်းကောင်း၊ ၁၆-၆-၂၀၁၀ ရက်နေ့ ည ၉ နာရီ ၃၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာနေ ဒေါ်သိန်းမြင့်(ခ) ဒေါ်ကြွက်မ၏ နေအိမ်ဓားပြတိုက်ခံရစဉ်က အသက်ကိုပဓာနမထားဘဲ သေနတ်ကိုင်ဆောင်ထားသည့် ဓားပြများအား



သံတုတ်ဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာနေ ဦးသာကျော်နှင့် ဦးရင်အေးတို့အားလည်းကောင်း၊ ၆-၅-၂၀၀၉ ရက်နေ့ ညနေ ၄ နာရီ ၁၀ မိနစ်တွင် ရမည်းသင်းမြို့နယ် မြို့မဈေးရှိ ငွေရတနာအောင် ရွှေဆိုင်အား အမျိုးသားသုံးဦးမှ ဝင်ရောက်လုယက်စဉ် မိမိအသက်ကိုပဓာနမထားဘဲ လက်နက်ကိုင်လူဆိုးအား ဝင်ရောက်လုံးထွေး၍ သေနတ်လုယူရန်ကြိုးစားခဲ့ရာမှ သေနတ်ဒဏ်ရာရရှိခဲ့သော မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နေ ဒေါ်ချို့ပြုံးအားလည်းကောင်း ရဲချုပ်၏ ဂုဏ်ပြုလက်မှတ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် စေတနာရှင်ပြည်သူများက ပေးအပ်လှူဒါန်းသည့် ဂုဏ်ပြုအလှူငွေများ လက်ခံပြီး ရုံးဝန်ထမ်းများကို ပေးအပ်သည့် ဂုဏ်ပြုလက်ဆောင်များကို ဆက်လက်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယရဲချုပ် ရဲမှူးချုပ်သိန်းဦးနှင့် တာဝန်ရှိသူများက ရာထူးတိုးတပ်ဖွဲ့ဝင်များ၊ ရုံးဝန်ထမ်းထူးချွန်ဆု၊ အမျိုးသမီးစွမ်းဆောင်ရှင်ဆုနှင့် နေအိမ်လိုင်းခန်းသန့်ရှင်းရေးဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်ပတ်လည်အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

**နောင်ချို**

၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ရက်နေ့တွင် ကျရောက်သော နှစ်(၅၀) ပြည့် ရွှေရတုမြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှစ်ပတ်လည်နေ့ အခမ်း အနားကို အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီက နောင်ချိုမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းထံမှပေးပို့သောသဝဏ်လွှာကို မြို့နယ်ရဲတပ် ဖွဲ့မှူးစောနောင်က ဖတ်ကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဝမ်းဖေက အမှာစကား ပြောကြားကြသည်။ ဆက်လက်၍ နှစ်ပတ်လည်အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ **(ဝဇိုး)**

**ဗန်းမော်**

အလားတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၅၀)ပြည့် ရွှေရတုနှစ်ပတ်လည်နေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီက ဗန်းမော်မြို့ မြို့မရဲစခန်း ရဲသီဟခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်က အမှာစကားပြောကြားပြီး ခရိုင်ရဲတပ် ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းမြင့်အောင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှပေးပို့သောသဝဏ်လွှာကို ဖတ်ကြားသည်။ **ဝါဝါ(ဗန်းမော်)**

**လွယ်ဂျယ်**

အလားတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီက ကချင်ပြည်နယ် လွယ်ဂျယ်နယ်မြေရဲစခန်းခန်းမဆောင်၌ကျင်းပရာ နယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်လေးက ပြည်သူဗဟိုပြု ရဲလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် ပြည်သူနှင့် ရဲတပ်ဖွဲ့ဝင်များရင်းနှီးကျွမ်းဝင်ပြီး အပြန်အလှန် ကူညီမှုများရယူကြရန် ဆွေးနွေးသည်။

၂၀၁၄ ခုနှစ်အတွင်း ရဲတပ်ဖွဲ့နှင့်ပတ်သက်၍ ဒုရဲအုပ် စိုးကိုကိုအောင်၊ တပ်ကြပ်ပြည်စိုးဝင်း၊ ရဲတပ်သား သန့်ဇင်အောင်တို့အား စွမ်းဆောင်ရည်ထူးချွန်ဆုများနှင့် တပ်ဖွဲ့၏အိမ်ထောင်သည်မိသားစုတစ်ဦးချင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ သန့်ရှင်းရေးဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ရင်ငြိမ်းပန်း)**

**လှိုင်သာယာ**

အလားတူ လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့မှူး ရုံးအစည်းအဝေးခန်းမတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ရွှေရတုအထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၁ ရက် ညနေ ၄ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းမြင့်ဦးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှပေးပို့သောသဝဏ်လွှာကို ဖတ်ကြားခဲ့ပြီး ရဲတပ်ဖွဲ့ဝင် အရာရှိနှင့် အခြားအဆင့် ၁၀ ဦးအား ထူးချွန်ဆုများ ချီးမြှင့်ခဲ့သည်။ **(၁၆၄)**

နိုင်ငံတကာသတင်း

# ဟောင်ကောင်၌ တစ်နိုင်ငံစနစ်နှစ်မျိုးလိုက်နာဆောင်ရွက်သင့်ဟု ဟောင်ကောင်အုပ်ချုပ်ရေးမှူးပြော




**ဟောင်ကောင် အောက်တိုဘာ ၁**

တရုတ်ပြည်သူ့သမ္မတ နိုင်ငံ တည်ထောင်သည့် (၆၅) နှစ်မြောက် နှစ်ပတ်လည်နေ့ (ယနေ့) တွင် ဟောင်ကောင်၌ ထောင်နှင့် ချီသော ဆန္ဒပြသူများက ချီတက်ဆန္ဒပြခဲ့ကြသည်။

ဆန္ဒပြသူများသည် ၂၀၁၇ ခုနှစ်တွင် ကျင်းပမည့်ဟောင်ကောင်အုပ်ချုပ်ရေးမှူး ရွေးချယ်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရက ချမှတ်သည့် ကိုယ်စားလှယ်လောင်း ရွေးချယ်ရေးအစီအစဉ်ကို ရုပ်သိမ်းပေးရန် လိုလားလျက်ရှိသည်။

ဟောင်ကောင် အုပ်ချုပ်ရေးမှူး CY Leung (အပေါ်ပုံ)က ပေကျင်းက ချမှတ်ထားသည့်ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ထောက်ခံရန် တရုတ်အမျိုးသားနေ့ အလံတင် အခမ်းအနား၌ ပြောကြားလိုက်သည်။ ဟောင်ကောင်အနေဖြင့် တစ်နိုင်ငံစနစ်နှစ်မျိုးကို ကျင့်သုံးရမည်ဖြစ်ကြောင်းဖြင့်လည်း အဆိုပါ အခမ်းအနား၌ ဟောင်ကောင်အုပ်ချုပ်ရေးမှူးက တိုက်တွန်းလိုက်သည်။

အမျိုးသားပြည်သူ့ ကွန်ဂရက် အမြဲတမ်းကော်မတီအနေဖြင့်လည်း ဟောင်ကောင်အကြီးအကဲ ရွေးချယ်မှုနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ကို သဘောတူ လက်ခံထားကြောင်း အုပ်ချုပ်ရေးမှူးက အဆိုပါ အခမ်းအနား၌ ပြောကြားသည်။

လွန်ခဲ့သောဆယ်စုနှစ် နှစ်ခုက ဗြိတိသျှကိုလိုနီ ဟောင်ကောင်ကို တရုတ်နိုင်ငံက ပြန်လည်ရယူပြီးနောက်ပိုင်း အဆိုးရွားဆုံး မငြိမ်သက်မှုဖြစ်ပွားခဲ့ရာ တနင်္လာနေ့ အစောပိုင်းတွင် အဓိကရုဏ်းထိန်းသိမ်းရေးရဲများက ဆန္ဒပြသူများအား မျက်ရည်ယို ဗုံးများ အသုံးပြု၍ ဖြိုခွင်းခဲ့သည်။

ဟောင်ကောင်အုပ်ချုပ်ရေးမှူး အနေဖြင့် ကြာသပတေးနေ့တွင် ရာထူးမှ နုတ်ထွက်မပေးလျှင် အစိုးရအဆောက်အအုံများကို သိမ်းပိုက်သွားမည်ဖြစ်ကြောင်း ဆန္ဒပြခေါင်းဆောင်တစ်ဦးက ပြောသည်။

ဟောင်ကောင်တွင် ယနေ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်နေ့ အခမ်းအနားကျင်းပနေစဉ်မှာပင် ဟောင်ကောင် အုပ်ချုပ်ရေးမှူးရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုမှုများနှင့်အတူ ဆန္ဒပြမှုမှာလည်း ခြောက်ရက်မြောက်နေ့သို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။

ယင်းဖြစ်ရပ်နှင့် ပတ်သက်ပြီး ဟောင်ကောင် အုပ်ချုပ်ရေးမှူးက အစိုးရအနေဖြင့် မိမိအမြင်ကို ဖော်ထုတ်လိုသော ပြည်သူများ၏ အခွင့်အရေးများကို လေးစားသကဲ့သို့ ပြည်သူများကလည်း လမ်းပိတ်ဆို့မှုကြောင့် သွားလာရေးခက်ခဲမှုနှင့် ရင်ဆိုင်နေရသော လမ်းအသုံးပြုသူများ၏ အခွင့်အရေးများကို လေးစားလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ လမ်းမပေါ် ဆန္ဒပြမှုများကြောင့် ပြည်သူများ၏ နေ့စဉ်လူနေမှုဘဝကို ထိခိုက်သဖြင့် ဆန္ဒပြမှုကို ချက်ချင်းရပ်တန့်ပေးရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။ **(ကျိုဒို၊ ဆင်ဟွာ)**

# အိန္ဒိယ၌ အမြန်ရထားချင်းတိုက် ၁၂ ဦးသေဆုံး၊ ၄၅ ဦးဒဏ်ရာရ

**နယူးဒေလီ အောက်တိုဘာ ၁**

လွန်ခဲ့သော အင်္ဂါနေ့ညက အိန္ဒိယမြောက်ပိုင်း ပြည်နယ်ဥတ္တရပရာဒေ့ရှ်၌ အရှိန်ဖြင့်မောင်းနှင်လာသော ရထားနှစ်စင်းတိုက်မိရာ အနည်းဆုံး လူ ၁၂ ဦးသေဆုံးခဲ့ပြီး ၄၅ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

ဤစိတ်မကောင်းဖွယ်ရာ ဖြစ်ရပ်သည် ဒေသစံတော်ချိန် ၁၁ နာရီဝန်းကျင်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဖြစ်ပုံမှာ ဗာရာဏသီမှ ဂိုရက်ခ်ပူးလ်သို့ ခုတ်မောင်းလာသော ကရီရှက်ခ်အမြန်ရထားက ပြည်နယ်မြို့တော် လက်ခ်နောင်းမှ ၂၇၀ ကီလိုမီတာအကွာ ဂိုရက်စ်ပူးလ်မြို့အနီး နန္ဒာနာကာမီးရထားဂိတ်ကိုဖြတ်ကျော်စဉ် ဘရူနီအမြန်ရထားကို နောက်ဘက်မှ ဝင်ဆောင့်မိခြင်းဖြစ်ကြောင်း အရာရှိတစ်ဦးက ပြောကြားခဲ့သည်။ သို့သော် မည်သည့်အတွက်ကြောင့် ဖြစ်ရကြောင်းကို အသေးစိတ်ဖော်ပြပြောဆိုခြင်းမရှိပေ။

ရထားချင်းတိုက်မိသည့်အချိန်မှာ ပြင်းလွန်းသည့်အတွက် ဘရူနီအမြန်ရထားမှ ရထားတွဲသုံးတွဲသည် သံလမ်းမှ ဘေးဘက်သို့ အရှိန်ဖြင့်လွင့်စဉ်သွားခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သေဆုံးသူ ရုပ်အလောင်း ၁၂ လောင်းကို ပျက်စီးရထားမှ ဆွဲထုတ်နေစဉ် အခြားဒဏ်ရာရသူများကိုလည်း နီးစပ်ရာဆေးရုံသို့ အမြန်ပို့ဆောင်လျက်ရှိကြောင်း၊ သေဆုံးသူဦးရေမှာ ထပ်မံတိုးလာနိုင်ကြောင်း ၎င်းအရာရှိက ဆက်လက်ပြောကြားသည်။

**(ဆင်ဟွာ)**

# လာမည့်နှစ်တွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀၀ ဆက်လက်ဖြန့်ကြက်ရေး အာဖဂန်နှင့်အမေရိကန်လုံခြုံရေး သဘောတူစာချုပ်လက်မှတ်ရေးထိုး



**ကဘူးလ် အောက်တိုဘာ ၁**

အာဖဂန်အစိုးရသစ်နှင့် အမေရိကန်အစိုးရတို့သည် ၂၀၁၄ ခုနှစ်အလွန် အမေရိကန်တပ်ဖွဲ့ဝင်များ အာဖဂန်နစ္စတန်နိုင်ငံ၌ ဆက်လက်ထားရှိရေး အချိန်ကြာညောင်းစွာ နှောင့်နှေးကြန့်ကြာခဲ့သော လုံခြုံရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးလိုက်သည်။

အဆိုပါ နှစ်နိုင်ငံ သဘောတူ လုံခြုံရေးစာချုပ် (ဘီအက်စ်အေ)ကို အာဖဂန်အမျိုးသားလုံခြုံရေးအကြံပေးဟာနစ်အက်တမာနှင့် ကဘူးလ်ဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဂျိမ်းစ်ကွန်နင်ဟမ်တို့က လက်မှတ်ရေးထိုးခဲ့ကြပြီး စာချုပ်အရ အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀၀ ခန့် လာမည့်နှစ်တွင် ဆက်လက် တပ်စွဲထားမည်ဟု ဆိုသည်။

“ကျွန်တော်တို့ ပြည်သူတွေကောင်းဖို့၊ ဒေသတွင်းနဲ့ ကမ္ဘာတစ်ခုလုံး တည်ငြိမ်အေးချမ်းဖို့ ဒီစာချုပ်ကို ချုပ်ဆိုလိုက်ရတာပါ”ဟု အသစ်ရွေးကောက် တင်မြှောက်ခံရသည့် အာဖဂန်သမ္မတ အက်ရှ်ရပ်ဖ်ဂါနီက ပြောကြားလိုက်သည်။

အဆိုပါစာချုပ်အရ အာဖဂန်တပ်ဖွဲ့ဝင် ၃၅၀၀၀၀ ကိုလည်း အမေရိကန်က ငွေကြေးဆက်လက်ထောက်ပံ့မည်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြု ပြောကြားလိုက်သည်။

အမေရိကန် သမ္မတဘားရက်အိုဘားမားကလည်း အဆိုပါ စာချုပ်ချုပ်ဆိုနိုင်မှုအပေါ် ကြိုဆိုလိုက်ပြီး အမေရိကန်-အာဖဂန် ဆက်ဆံရေးသမိုင်းစာမျက်နှာသစ်ကို စိုက်ထူနိုင်ပြီဖြစ်ကြောင်း ပြောဆိုလိုက်သည်။

“အာဖဂန်နစ္စတန်နိုင်ငံရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲဖို့၊ တည်ငြိမ်အေးချမ်းဖို့၊ စည်းလုံးညီညွတ်ဖို့ အလားအလာကောင်းများ ရရှိစေဖို့ ကျွန်တော်တို့အနေနဲ့ အစိုးရသစ်နဲ့ ရှေ့ဆက် အတူလက်တွဲလုပ်ဆောင်သွားမှာပါ။ အယ်လ်ခိုင်ဒါနဲ့ အစွန်းရောက်တွေကို ဖယ်ရှားဖို့ဆိုတာ ကျွန်တော့်တို့ရဲ့ ဘုံရည်မှန်းချက် ဖြစ်ပါတယ်”ဟု အိုဘားမားက ထပ်လောင်းပြောကြားလိုက်သည်။

**(ပရက်စ်တီဗွီ)**

# အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းရန် အမေရိကန်စစ်ရေယာဉ်တစ်စင်း ပါရှန်ပင်လယ်ကွေ့သို့ ထွက်ခွာ



**ပင်တဂွန် အောက်တိုဘာ ၁**

အမေရိကန် စစ်ရေယာဉ်တစ်စင်းသည် ဆီးရီးယားနှင့်အီရတ်ရှိ အိုင်အက်စ်စစ်သွေးကြွများကို ချေမှုန်းရန် ပါရှန်ပင်လယ်ကွေ့သို့ ဦးတည်ခုတ်မောင်းနေကြောင်း အမေရိကန် ရေတပ်အတွင်းရေးမှူး ရေးမာဘတ်စ်က ပြောကြားလိုက်သည်။

Uss Cart Vinson အမည်ရှိ လေယာဉ်တင် သင်္ဘောကြီးနှင့် တိုက်ခိုက်ရေးအဖွဲ့သည် ဇွန်လကတည်းက ပါရှန်ပင်လယ်ကွေ့အတွင်းရောက်ရှိ တပ်စွဲထားသော USS George H.W. Bush သင်္ဘောကိုကူညီပေးရန် အဆိုပါဒေသသို့ ထွက်ခွာသွားသည်။ ပြီးခဲ့သည့်လက အီရတ်ရှိ အိုင်အက်စ်စစ်သွေးကြွများအား ပစ်မှတ်ထားလျက် ပင်တဂွန်က လေကြောင်းတိုက်ခိုက်မှု တစ်ရပ် စတင်ပြုလုပ်ခဲ့သည်။ အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့သည် စက်တင်ဘာလတွင် ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများအား စတင်တိုက်ခိုက်ခဲ့သည်။

အမေရိကန် စစ်လေယာဉ်များသည် ဩဂုတ် ၈ ရက်မှ စတင်ကာ အီရတ်နှင့် ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများအား ပစ်မှတ်ထားလျက် ဗုံးအလုံးပေါင်း ၂၆၀ ကျဲချခဲ့ကြောင်း မာဘတ်စ်က ဝါရှင်တန်၌ အင်္ဂါနေ့က သတင်းထောက်များအား ပြောသည်။

“ကျွန်တော်တို့ဒီစစ်ပွဲကို ဘယ်လောက်ကြာကြာတိုက်ရတိုက်ရ စစ်ရေယာဉ်တွေကို အလဲအလှယ်လုပ်ပြီး တိုက်သွားမှာဖြစ်ပါတယ်”ဟု မာဘတ်စ်က ပြောကြားသည်။

ထိုအတောအတွင်း ဒေသတွင်း အကျပ်အတည်းကို လျင်လျင်မြန်မြန် တုံ့ပြန်နိုင်ရန်အတွက် မရိန်းတပ်ဖွဲ့ဝင် ၂၃၀၀ ကို အရှေ့အလယ်ပိုင်းသို့ တပ်ဖြန့်ချထားရန် စီစဉ်ထားပြီဖြစ်ကြောင်း ပင်တဂွန်က အင်္ဂါနေ့တွင်ပြောကြားလိုက်သည်။ **(ပရက်စ်တီဗွီ)**

# အိန္ဒိယအရှေ့ပိုင်းရှိ ပြောက်အိုးစက်ရုံပေါက်ကွဲ တစ်ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိ

**နယူးဒေလီ အောက်တိုဘာ ၁**

အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ရှိ ပြောက်အိုးစက်ရုံတစ်ရုံအတွင်း ယနေ့နံနက်က ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာမှ လူတစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြကြောင်း သက်ဆိုင်ရာရဲတပ်ဖွဲ့က ထုတ်ပြန်ကြေညာသည်။

ဟိန္ဒူတို့၏ ဒီဝါလီပွဲတော်အတွက် အလုပ်သမားများက မီးရှူးမီးပန်းများ ပြုလုပ်နေကြစဉ် စက်ရုံ၌ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ပေါက်ကွဲမှုကြောင့် တစ်ဦးမှာပွဲချင်းပြီးသေဆုံးသွားခဲ့ပြီး မီးလောင်ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံ၌တင်ပို့ကာ ဆေးကုသမှုခံယူနေကြကြောင်း၊ ယင်းဖြစ်ရပ်နှင့်ပတ်သက်ပြီး သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း အမည်မဖော်လိုသူတစ်ဦးက သတင်းထောက်များကို ပြောကြားသည်။ **(အမ်အင်န်အေ/ဆင်ဟွာ)**

## ပထမဆုံး အီဘိုလာပိုင်းရပ်စ် အမေရိကတွင် တွေ့ရှိ

**ဝါရှင်တန် အောက်တိုဘာ ၁**

အမေရိကတွင် သေစေနိုင်သော အီဘိုလာဗိုင်းရပ်စ် ပထမဆုံးတွေ့ရှိမှုကို တက္ကဆပ်ပြည်နယ် ဒဲလ်လက်စ်တွင် အတည်ပြုလိုက်ပြီဖြစ်သည်။

အမည်မဖော်ပြလိုသော အမျိုးသားလူနာကို သီးခြားခွဲထားသည်ဟု တက္ကဆပ် ကျန်းမာရေးဆေးရုံမှ အရာရှိများက ပြောကြားသည်။ အဆိုပါအမျိုးသားသည် လွန်ခဲ့သောနှစ်ပတ်က အမေရိကသို့ မလာရောက်မီ လိုက်ဘေးရီးယား၌ ရောဂါကူးစက်ခံခဲ့ရနိုင်ကြောင်း ယူဆရသည်။ အနောက်အာဖရိကတွင် အီဘိုလာဗိုင်းရပ်စ်ရောဂါကြောင့် သေဆုံးသူ ၃၀၀၀ ကျော်ရှိသည်။ အမေရိကန်ကယ်ဆယ်ရေးသမား အနည်းငယ်သည်လည်း အမေရိကသို့ ပြန်ရောက်ပြီးနောက်ဆေးကုသမှုခံယူနေရသည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# နိုင်ငံခြားဘဏ်များရွေးချယ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၁**

နိုင်ငံခြားဘဏ်များ ရွေးချယ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ယနေ့ညပိုင်းက ပြုလုပ်ခဲ့သည်။ **(ယာပုံ)**

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က နိုင်ငံခြားဘဏ်များရွေးချယ်ရေးလုပ်ငန်းစဉ်တွင် ပွင့်လင်းမြင်သာမှုရှိရန်နှင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ စိစစ်အကဲဖြတ်နိုင်ရန်အတွက် ဂျာမနီနိုင်ငံအခြေစိုက် Roland Berger Strategy Consultants ကို အကြံပေး ကုမ္ပဏီအဖြစ် ငှားရမ်းခဲ့ပါကြောင်း။

မြန်မာနိုင်ငံတွင် ကိုယ်စားလှယ်ရုံးခွဲဖွင့်လှစ်ထားသော နိုင်ငံခြားဘဏ် (၄၂)ခုသို့ Expression of Interest (EOI) အား ၂၃-၅-၂၀၁၄ ရက်နေ့တွင် ပေးပို့ခဲ့ရာ နိုင်ငံခြားဘဏ် (၄၁)ခုမှ EOI ပြန်လည်တင်ပြခဲ့ပြီး ဘဏ် (၂၉)ခုက လျှောက်လွှာကြေးတင်သွင်းခဲ့ပါကြောင်း၊ လျှောက်လွှာကြေးတင်သွင်းသည့် နိုင်ငံခြားဘဏ် (၂၉)ခုအနက်မှ ဘဏ် (၂၅)ခုက ၁၄-၇-၂၀၁၄ ရက်နေ့တွင် နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်လျှောက်ထားခြင်း (Request for Proposal-RFP) ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြခဲ့ပါကြောင်း။

နိုင်ငံခြားဘဏ်များရွေးချယ်ရာတွင် ရွေးချယ်ရေးအဓိက စံသတ်မှတ်ချက်များမှာ ဘဏ်လုပ်ငန်းအားကောင်းခိုင်မာမှုဆိုင်ရာစည်းမျဉ်းစည်းကမ်းများ လိုက်နာမှု (Prudential)၊ ဘဏ်၏လုပ်ငန်းစွမ်းဆောင်ရည် (Capability)၊ မြန်မာနိုင်ငံ၏ ဈေးကွက် ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ချက် (Market Development) တို့ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဈေးကွက် ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ချက်၊ စံသတ်မှတ်ချက်တွင် မြန်မာနိုင်ငံ၏ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းဘဏ်များ အကျိုးအတွက် ပါဝင်ဖြည့်ဆည်းနိုင်မှုတို့ အဓိကပါဝင်ပါကြောင်း။

နိုင်ငံခြားဘဏ်များရွေးချယ်ရေးအဖွဲ့နှင့် Roland Berger တို့အကြား နိုင်ငံခြားဘဏ်များ စိစစ်သုံးသပ်သည့် အစည်းအဝေး (၁၁)ကြိမ်ပြုလုပ်၍ စိစစ်သုံးသပ်ခဲ့ပါကြောင်း၊ စိစစ်သုံးသပ်အကဲဖြတ်ခြင်းများကို သေချာစွာ ဆောင်ရွက်ပြီးနောက် နိုင်ငံခြားဘဏ်များရွေးချယ်ရေးအဖွဲ့အနေဖြင့် နိုင်ငံခြားဘဏ် ကိုးဘဏ်အား မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ်လုပ်ငန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကနဦးအတည်ပြုချက်ကိုထုတ်ပေးရန် ဆုံးဖြတ်ခဲ့ပါကြောင်း။

ရွေးချယ်ခံရသည့် နိုင်ငံခြားဘဏ်များသည် မိမိတို့၏ အဆိုပြုလျှောက်လွှာ RFP တွင် ဖော်ပြခဲ့သည့် ကတိကဝတ်များကို ကနဦးအတည်ပြုချက်ရရှိပြီး ၁၂ လအတွင်း ပြီးမြောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် လုပ်ငန်းစတင်ဆောင်ရွက်သည့်နေ့မှစ၍ ဘဏ်လုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်အတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ် ပါကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့သည်။



ယင်းနောက် ဂျာမနီနိုင်ငံအခြေစိုက် Roland Berger Strategy Consultants မှ Mr.Philippe Chassat က နိုင်ငံခြားဘဏ်များ ရွေးချယ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က ပြန်လည် ဖြေကြားခဲ့သည်။

ယင်းနောက် မြန်မာ့သတင်းစဉ် (ပြည်တွင်း)မှ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က ပြန်လည်ဖြေကြားခဲ့သည်။

**ဦးဆက်အောင်(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**

ဘဏ်ကိုးခုရွေးချယ်တဲ့အတွက် ဒီနေ့သတင်းစာရှင်းလင်းပွဲလုပ်ရတာဖြစ်ပါတယ်၊ ဘဏ်ကိုးခုရွေးချယ်လို့ တခြားဘဏ်တွေ မကောင်းဘူးလားဆိုတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့ ဘဏ်တွေအားလုံးရဲ့ Proposal တွေအတွက် ကျေနပ်ပါတယ်။ အဲဒီဘဏ်တွေထဲမှာမှ ဒီဘဏ်ကိုးခုက ကျွန်တော်တို့သတ်မှတ်ထားတဲ့ Criteria တွေနဲ့ အကိုက်ညီဆုံးဘဏ်တွေပဲဖြစ်ပါတယ်။ Criteria နဲ့ ဘဏ်တွေကို Ranking အစီအစဉ်ချလိုက်တဲ့အခါ (၁)ကနေ (၉) အတွင်းပါတဲ့ ဘဏ်တွေကိုရွေးတာပါ။ ရွေးချယ်တဲ့ Criteria တွေကို လွှတ်တော်မှာလည်း တင်ပြထားပြီးသားဖြစ်ပါတယ်။ အားလုံးပေါင်း Main Criteria သုံးခုပဲရှိပါတယ်။ Prudential Criteria နဲ့ Capability

*စာမျက်နှာ ၈ သို့*

# မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်အပ်နှံခြင်းနှင့်စပ်လျဉ်း၍ သတင်းကြေညာချက်ထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၁**

၁။ ၂၀၁၄ ခုနှစ် ဇူလိုင် ၁၄ ရက်နေ့တွင် လက်ခံရရှိခဲ့သည့် နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် အဆိုပြုလွှာများအရ နိုင်ငံခြားဘဏ်များရွေးချယ်ရေးအဖွဲ့သည် အဆိုပြုလွှာတစ်ခုချင်းကို အရေအတွက်နှင့် အရည်အသွေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ အသေးစိတ်စိစစ်အကဲဖြတ်ခဲ့ပါသည်။ စိစစ်သုံးသပ်အကဲဖြတ်ခြင်းများကို သေချာစွာဆောင်ရွက်ပြီးနောက် နိုင်ငံခြားဘဏ်များရွေးချယ်ရေးအဖွဲ့အနေဖြင့် နိုင်ငံခြားဘဏ်ကိုးဘဏ်အား မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ်လုပ်ငန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကနဦးအတည်ပြုချက်အား ထုတ်ပေးရန်ဆုံးဖြတ်ခဲ့ပါသည်။ အောက်ပါအက္ခရာစဉ်အရ ဖော်ပြထားသော ဘဏ်များသည် ကနဦးအတည်ပြုချက်အား ရရှိပါသည်-

(က) Australia and New Zealand Banking Group Limited (ANZ)
(ခ) Bangkok Bank
(ဂ) Bank of Tokyo-Mitsubishi UFJ (BTMU)
(ဃ) Industrial and Commercial Bank of China (ICBC)
(င) Malayan Banking Berhad (Maybank)
(စ) Mizuho Bank
(ဆ) Oversea-Chinese Banking Corporation (OCBC)
(ဇ) Sumitomo Mitsui Banking Corporation (SMBC)
(ဈ) United Overseas Bank (UOB)

၂။ ရွေးချယ်ခံရသည့် နိုင်ငံခြားဘဏ်များသည် မိမိတို့၏ အဆိုပြုလျှောက်လွှာ (RFP) တွင် ဖော်ပြခဲ့သည့် ကတိကဝတ်များကို ကနဦးအတည်ပြုချက်ရရှိပြီး ၁၂ လအတွင်း ပြီးမြောက်အောင်မြင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့အပြင် လုပ်ငန်းစတင်ဆောင်ရွက်သည့်နေ့မှစ၍ ဘဏ်လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်အတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ အထက်ပါအချက်များအား ပြည့်စုံစွာ လိုက်နာဆောင်ရွက်မှုအပေါ်မူတည်၍ မြန်မာနိုင်ငံတွင်ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပေးမည်ဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ကိုယ်စား နိုင်ငံခြားဘဏ်များရွေးချယ်ရေးအဖွဲ့က နိုင်ငံခြားဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားခဲ့သည့်ဘဏ်များအားလုံးအား အထူးပင်ကျေးဇူးတင်ရှိကြောင်းဖော်ပြအပ်ပါသည်။ လျှောက်ထားခဲ့သည့်ဘဏ်များအားလုံးအနေဖြင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ ငွေရေးကြေးရေးကဏ္ဍနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများတွင် ဆက်လက်ပါဝင်ဆောင်ရွက်သွားမည်ဟု နိုင်ငံခြားဘဏ်များ ရွေးချယ်ရေးအဖွဲ့က မျှော်လင့်ပါသည်။

**နိုင်ငံခြားဘဏ်များရွေးချယ်ရေးအဖွဲ့**

# မြန်မာ့ရုပ်ရှင်နေ့ အခမ်းအနားကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁**

အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်သည့် မြန်မာ့ရုပ်ရှင်နေ့ အထိမ်းအမှတ် အခမ်းအနားကို အဆိုပါနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

၁၉၂၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်နေ့တွင် ရွှင်ရယ်စီနီမာရုပ်ရှင်ရုံကြီး၌ မြန်မာနိုင်ငံ၏ ပထမဆုံးရုပ်ရှင်ကားအဖြစ်ပြသခဲ့သည့် မေတ္တာနှင့်သူရာ ရုပ်ရှင်ကားကို မြန်မာ့ရုပ်ရှင်နေ့ အခမ်းအနားတွင်ပြသမည်ဖြစ်ပြီး အဆိုပါနေ့ကို မြန်မာ့ရုပ်ရှင်နေ့ အဖြစ်သတ်မှတ်ခဲ့သည်။

မေတ္တာနှင့်သူရာ ရုပ်ရှင်ကားတွင် ရုပ်ရှင်ထုတ်လုပ်သူ ဦးအုန်းမောင်၊ ဒါရိုက်တာ ဦးတုတ်ကြီး၊ မင်းသား ဦးညီပု၊ မင်းသမီး မရီနှင့် သရုပ်ဆောင်များစွာပါဝင်သည်။

မြန်မာ့ရုပ်ရှင်နေ့အခမ်းအနားနှင့်အတူ (၅၁)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကိုပါ ကျင်းပမည်ဖြစ်ရာ အလှူပေါင်းစုံရုပ်ရှင်လောကသား အနုပညာမောင်နှမများ တက်ရောက်ကြရန် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဖိတ်ကြားထားကြောင်း သိရသည်။ **ရီရီသန့်**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**




# ချေးငွေလုပ်ငန်းဆိုင်ရာ ရှင်းလင်းပွဲကျင်းပ

**မုဒုံ အောက်တိုဘာ ၁**

EXIM BANK ချေးငွေလုပ်ငန်းဆိုင်ရာ ရှင်းလင်းပွဲအခမ်းအနားကို မုဒုံမြို့ မြို့နယ်သမဝါယမအသင်းစု၌ စက်တင်ဘာ ၂၉ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးနှင့် သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌတို့က EXIM BANK ချေးငွေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အသင်းသားများမှ လယ်ယာလုပ်ငန်းအတွက် လိုအပ်သောအရင်းအနှီး ငွေကိုအတိုးနှုန်းသက်သာစွာရရှိ၍ ကျေးဇူးတင်ကြောင်းနှင့် လယ်ယာသုံး လုပ်ငန်းသုံးပစ္စည်းများ၊ ချေးငွေများကိုပိုမိုများများရရှိလျှင် အလွန်ဝမ်းသာမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။ **မိုးစန္ဒာ (iprd)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ကားကျပ်သည့်ပြဿနာ ဝိုင်းဝန်းအဖြေရှာ

Dr.မောင်အောင်

ယခင်က မော်တော်ကားတင်သွင်းမှုနှင့် ပတ်သက်၍ ပိတ်ပင်ထားခဲ့ပြီး အထူးပါမစ်ဖြင့်သာ ခွင့်ပြုမှုကြောင့် နိုင်ငံတကာနှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံ၏ ကားအများစုမှာ ဥပမိရုပ်မကောင်းတော့သည့် ကားအိုကားဟောင်းများသာရှိခဲ့ပါသည်။ အဆိုပါ ကားဟောင်းများ၏ ဈေးပင်လျှင် သိန်း ၂၀၀ နှင့်အထက် ဖြစ်ခဲ့ပါသည်။ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် ကားဈေးနှင့် Mobile Phone ဈေးအကြီးဆုံး နိုင်ငံအဖြစ် ထင်ရှားခဲ့သည်မှာ အားလုံးအသိပင် ဖြစ်သည်။ ပို၍ဆိုးသည်မှာ အမြင်မလှရုံမက အင်ဂျင်ကျနေသည့် ကားများကြောင့် လေထုညစ်ညမ်းမှုနှင့်အတူ အထူးသဖြင့် Taxi စီးမည်ဆိုလျှင် တံခါးပိတ်မရ၊ မိုးကမလုံ၊ ထိုင်လျှင် ပုဆိုးပြဲဆိုသည်များ မကြာမကြာ ကြုံတွေ့ခဲ့ရပြီး ဖြစ်သည်။

အစိုးရသစ်တက်လာပြီး မော်တော်ကားနှင့်ပတ်သက်၍ ပထမဆုံး လုပ်ဆောင်ချက်မှာ သက်တမ်းရင့် ယာဉ်အိုယာဉ်ဟောင်းများကို အပ်နှံစေပြီး သက်တမ်း (၁၀)နှစ်အတွင်း ကားသစ်များနှင့် လဲလှယ်ပေးခြင်းကို ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့မှ စတင်ခဲ့ရာ ယခုနှစ် စက်တင်ဘာလ တတိယပတ်အထိ လူစီးယာဉ်၊ ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ် စုစုပေါင်း ၉၆၅၇၃ စီး တင်သွင်းခဲ့ပြီး ဖြစ်ပါသည်။

**တန်းတူအခွင့်အရေး( Level Paying Field) ရှိသည့် မော်တော်ကား တင်သွင်းမှုမူဝါဒ**

တစ်ဆက်တည်းမှာပင် မော်တော်ကားများ ဝယ်ယူတင်သွင်းရာတွင် နိုင်ငံသားတိုင်း သာတူညီမျှ အခွင့်အရေးရှိသည်နှင့်အညီ နိုင်ငံသားဖြစ်ပါက မည်သူမဆို ကားတစ်စီးတင်သွင်းခွင့် ရရှိစေလိုသည့် နိုင်ငံတော်၏ ရည်မှန်းချက်ကို ၂၀၁၂ ခုနှစ် မေလ ၁၁ ရက်နေ့မှ စတင်ဖော်ဆောင်ခဲ့ရာ ယခုနှစ် စက်တင်ဘာလ တတိယပတ်အထိ ကားအစီးရေ စုစုပေါင်း ၁၉၅၁၈၇ စီး တင်သွင်းခဲ့ပါသည်။ မော်တော်ယာဉ် တင်သွင်းဝယ်ယူရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ကားအရောင်းစင်တာ ( Car Sale Center) များကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင် ဖွင့်လှစ်ခဲ့ရာ ယခုအခါ ကားအရောင်းစင်တာပေါင်း ၁၇၀ ရှိလာပြီဖြစ်သည်။ တစ်ဖက်တွင်လည်း Brand New ကားအသစ်များ လွယ်လွယ်ကူကူ ဝယ်ယူနိုင်ရေး (Brand New Car Show Room) (၉) ခုကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ကမ္ဘာတွင် နာမည်ကြီးသည့် မာစီးဒီး၊ ဖို့ဒ်၊ ချက်ပလက်စသည့် ကားသစ်ပြခန်းများတွင် အသစ်ဖြစ်သောကြောင့် အာမခံချက်နှင့်အတူ ဝန်ဆောင်မှုများပါ ရရှိနိုင်ပြီဖြစ်သည်။

**ဒွန်တွဲနေသည့် ကောင်းကျိုးနှင့် ဆိုးကျိုး**

မည်သည့်အလုပ်၊ မည်သည့်လုပ်ငန်းကြီးများ ( Projects )နှင့် မည်သည့် ပေါ်လစီကိုမဆို အကောင်အထည်ဖော်မည်ဆိုလျှင် ကောင်းကျိုးများရှိသလို ဒွန်တွဲနေသည့် မကောင်းကျိုးများလည်း ရှိသည်။ ရာနှုန်းပြည့်ကောင်းကျိုး မည်သည့်အခါမှ မရနိုင်၊ အရေးကြီးသည်မှာ ကောင်းကျိုးက ဆိုးကျိုးထက် အမြဲတမ်းများနေဖို့သာ ဖြစ်ပါသည်။ ယာဉ်အိုယာဉ်ဟောင်း အပ်နှံလဲလှယ်မှုနဲ့ တစ်ဦးချင်း ကားတင်သွင်းမှု ပေါ်လစီကြောင့် ကောင်းသည့်အချက်များမှာ ယခင်ကားဟောင်းများအစား ကားအသစ်များ ဝင်ရောက်အစားထိုးလာမှုကြောင့် မြို့ကြီးတိုင်း ဂုဏ်ကျက်သရေ တိုးလာခြင်း၊ ကားဈေးနှုန်း သိသိသာသာ လျော့နည်းလာခြင်းနှင့် ကားစီးနိုင်မည့် လူဦးရေများလာခြင်း၊ ကားအသစ်များဖြစ်၍ မြို့ပြညစ်ညမ်းမှု လျော့ကျလာခြင်း စသည်များ အပါအဝင် ကားအသုံးပြုသူများအတွက် ဘေးကင်းလုံခြုံမှု ပိုမိုရှိလာခြင်း၊ ကျေးလက်အရောက် ကားအသစ်များ ပျံ့နှံ့သုံးစွဲလာနိုင်ခြင်းစသည့် ကောင်းကျိုးများရှိပြီး တစ်ဖက်တွင်လည်း ဆိုးကျိုးအနေဖြင့် မြို့ကြီးများ အထူးသဖြင့် ရန်ကုန်မြို့တွင် ကားကျပ်သည့်ပြဿနာ ကြီးမားလာခြင်းပင် ဖြစ်ပါသည်။ ထို့အတွက် မော်တော်ကားဖြင့် သွားလာရသည့်သူများအတွက် အချိန်ပိုပေးရမှုကြောင့် ဘတ်စ်ကားအသုံးပြုနေရသည့် သာမန်အောက်ခြေလူတန်းစားများနှင့် ဝန်ထမ်းများအတွက် ပိုမိုခက်ခဲလာခြင်းပင် ဖြစ်သည်။

**ဒေသအတွင်း အနိမ့်ဆုံးကားနှင့် လူဦးရေအချိုးအစား**

လက်ရှိအခြေအနေထိလည်း အာဆီယံဒေသတွင်း ကားနှင့်လူဦးရေ အချိုးအစားအရကြည့်လျှင် လူတစ်ထောင်တွင်ရှိသည့် ကားအရေအတွက်မှာ ဘရူနိုင်းနိုင်ငံတွင် ၆၉၆ စီးဖြင့် ဦးဆောင်နေပြီး မလေးရှား၊ ထိုင်း၊ စင်ကာပူတို့ ရာဂဏန်းဖြင့် ရှိနေသည်။ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့သည် ဆယ်ဂဏန်းဖြင့် ရှိနေပြီး ဗီယက်နမ်က အနည်းဆုံး ၁၃ စီး ရှိသော်လည်း မြန်မာအနေနဲ့မှု ဆယ်ဂဏန်းပင်မရှိသေးဘဲ လူတစ်ထောင်လျှင် ရှစ်စီးသာရှိကြောင်း တွေ့ရှိရပါသည်။ ဒေသတွင်း နှိုင်းယှဉ်မှုအခြေအနေနှင့် ကုန်းမြေတစ်ဆက်တည်း အကျယ်ဝန်းဆုံးဖြစ်သည့် မြန်မာနိုင်ငံအနေနှင့် လက်ရှိ ရှိနေသည့်ကားနှင့် လူဦးရေအချိုးအစား နည်းနေဆဲပင် ဖြစ်သည်။

**ဘာကြောင့် ရန်ကုန်မှာကားကျပ်ရသလဲ**

ရန်ကုန်တွင် ကားကျပ်ရသည့် အခြေခံအကြောင်းအရင်းမှာ တင်သွင်းလာသည့် ကားအများစု (၈၀ % ဝန်းကျင်)သည် ရန်ကုန်မှာသာ စုပြုံနေမှုကြောင့် ရှိနေသည့် လမ်းများ၊ တံတားများ အသုံးပြုနိုင်မှုနှင့်စာလျှင် ကားများနေသည့်အတွက် ဖြစ်သည်။ ရန်ကုန်မြို့ကို ကိုလိုနီခေတ် အင်္ဂလိပ်တို့ စတင်တည်ထောင်ကတည်းက လမ်းအကျယ်ကြီးမဟုတ်ဘဲ အဓိကလမ်းဖြစ်သည့် ပြည်လမ်း



နှင့် ကမ္ဘာအေးဘုရားလမ်း၊ ကမ်းနားလမ်း စသည်တို့နှင့် နောင်တိုးချဲ့သည့် ဝေဇယန္တာလမ်းများသာ တစ်ဖက်လျှင် သုံးလမ်းစီဖြင့် ခြောက်လမ်းသွားဖြစ်ပြီး ကျန်အများစုမှာ လေးလမ်းသွားများသာဖြစ်သည်။ ပို၍ဆိုးသည်မှာ လမ်း၏အကျယ် (Capicity) ရှိသလောက် အပြည့်အဝ မသုံးနိုင်ခြင်းပင် ဖြစ်သည်။ ထိုအချက်မှာ အာရှနှင့် အာဆီယံနိုင်ငံများတွင် မရှိဘဲ မြန်မာနိုင်ငံ တစ်နိုင်ငံတည်းတွင်သာ ရှိနေသေးသည်။ ဆိုလိုသည်မှာ လမ်းအများစု ဘေးဘယ်ညာ ကားရပ်သည့် အလေ့အထကြောင့် ကားလမ်းအကျယ်အဝန်း၏ တစ်ဝက်လောက်သာ အသုံးပြုနိုင်ခြင်းပင် ဖြစ်သည်။ စင်ကာပူ၊ ဂျကာတာ၊ မနီလာ၊ ဗန်ကောက်၊ ပီကင်း၊ နယူးဒေလီစသည့်မြို့ကြီးများတွင် လမ်းမပေါ်တွင် အရေးပေါ်ပျက်သည့် ကားမှလွဲ၍ ရပ်ခွင့်မရှိသလို ပျက်သည့်ကားပင်လျှင် လမ်းနှင့်လွတ်ရာသို့ ချက်ချင်းရှင်းလင်းပေးရသည်။ ဘတ်စ်ကားများ ရပ်မည်ဆိုလျှင် မူလလမ်းကြောင်းကို မပိတ်စေဘဲ ဝိုက်ထားသည့် ကားမှတ်တိုင်မှာသာ ရပ်သည့်အတွက် ကားလမ်းကို (၂၄) နာရီအပြည့်အဝ အသုံးပြုနိုင်သည်။ ရန်ကုန်တွင် ဘတ်စ်ကားများ၊ Taxi များ စည်းကမ်းလိုက်နာမှုအားနည်းနေဆဲဖြစ်ပြီး မှတ်တိုင်တွင် ကပ်၍မရပ်သလို ဘတ်စ်ကားနှစ်စီး ခရီးသည်လုရန် ပြိုင်မောင်းသည့်အခါ မူလရပ်ထားသည့် ဘတ်စ်ကား၏ ရှေ့မှပိတ်လျက် တစောင်းရပ်ခြင်းမျိုးတို့ကိုလည်း တွေ့ရသည်။ လုမောင်းနေမှုကြောင့် ခရီးသည်များ ဘေးကင်းကင်းဖြင့် အတက်အဆင်းလုပ်ရန်ပင် ခက်လာသည်။ ထို့အတူ Taxi သမားများ အနေဖြင့်လည်း ခရီးသည်ကတားသည့် နေရာမှာပင် ချက်ချင်းရပ်တတ်ပြီး လမ်းကြောပိတ်သည် မပိတ်သည်ကို ဂရုမပြုပေ။ မီးပွိုင့်များတွင် ကားများ စနစ်တကျ တန်းစီစောင့်နေသူများကို အားမနာဘဲ ခေါင်းထိုးဝင်ခြင်း လက်ညှိုးထောင်၍ ဇွတ်ဝင်ခြင်းများလည်း တွေ့ရဆဲပင် ဖြစ်သည်။

အဆိုးဆုံးမှာ ရန်ကုန်၏ နာမည်ကြီး အထက်တန်းကျောင်းများတွင် ကျောင်းသားအများစုမှာ ကလေးတစ်ဦးလျှင် ကားတစ်စီးစီဖြင့် ကြိုပို့နေသည့်မိဘများကြောင့် ယာဉ်ကြောပိတ်ဆို့မှု ပိုမိုဆိုးရွားစေပါသည်။ ရန်ကုန်လမ်းမကြီးများတစ်လျှောက်ရှိသည့် ကျောင်းများ ယာဉ်ကြောမပိတ်စေရန် ကျောင်းသားတစ်ဦး ယာဉ်တစ်စီးစနစ်အစား ကျောင်းသားအများ ဝင်ဆံ့သည့် Ferry စနစ်ကို တိုးချဲ့သင့်ပြီ ဖြစ်သည်။

**ရန်ကုန်ကားကျပ်မှု အားပေးနေသည့် နယ်ကျော်ကားများနှင့် တရားမဝင်ကားများ**

ရန်ကုန်မြို့ လူဦးရေ၊ နိုင်ငံခြားသားဝင်ရောက်နေမှုတို့ကို အဓိကထားပြီး တိုင်းဒေသကြီးအလိုက် Taxi များ၊ ဒေသဆိုင်ရာအကြီးအကဲများ ထောက်ခံချက်များဖြင့် တိုင်းဒေသကြီးအသီးသီး ချမှတ်တင်သွင်းစေခဲ့သော်လည်း လက်တွေ့တွင် အဆိုပါ Taxi များအနက် အချို့မှာ ရန်ကုန်တွင်သာ ပြေးဆွဲနေမှုကြောင့် Taxi များ ယခင်ကထက် ပိုမိုများစွာ ရှိနေပေသည်။ ထို့အတူ မော်တော်ကား တင်သွင်းခွင့်တရားဝင်ဖွင့်လှစ်တင်သွင်းစေခဲ့သော်လည်း နယ်စပ်များမှ တရားမဝင် အခွန်လွတ်ကားများ ရန်ကုန်မြို့တွင်းသို့ ဝင်ရောက်နေမှုများလည်း ရှိနေဆဲပင်ဖြစ်သည်။ ရန်ကုန်အရောက် သယ်ယူခခြောက်သိန်း၊ ခုနစ်သိန်းဖြင့် ပို့ဆောင်နေမှုများလည်း ကြားနေရဆဲဖြစ်သည်။ ထို့အတူ ငွေကြေးရှိသောသူများက အမည်ခံများဖြင့် တင်သွင်းကာ လမ်းဘေးလွတ်သည့်နေရာများ၌ ထိုးထားသည့်ကားများရှိသလို နံပါတ်မပါသည့်ကားများ လမ်းများတွင် မောင်းနှင်မှုများလည်း တွေ့နေရဆဲဖြစ်သည်။ ထို့အပြင် မြို့လယ်လမ်းများ ပိတ်ဆို့မှုများနေသည့် အကြောင်းရင်းတစ်ရပ်မှာ လမ်းဘေးဈေးသည်များကြောင့်ပင် ဖြစ်သည်။ ဈေးသည်များက ပလက်ဖောင်းနေရာကို အပြည့်နီးပါး နေရာယူထား၍ လူများက လမ်းပေါ်ကလျှောက်ရသည့်အခါ လမ်းကြောင်းပို၍ ကျပ်စေသည်။ ဤအချက်သည်လည်း အခြားအာဆီယံနိုင်ငံ မြို့ကြီးများတွင် မရှိသည့်လက္ခဏာပင် ဖြစ်သည်။

**ဘယ်လိုဖြေရှင်းကြမလဲ**

ရန်ကုန်မှာဖြစ်ရသည့် အခြေခံအကြောင်းအရင်းအနေဖြင့် ကားစီးရေနှင့် လမ်းအနေအထား မမျှတမှုကြောင့်ဖြစ်၍ လက်ရှိ ရှိနေသည့်လမ်းများ အပြည့်အဝအသုံးချနိုင်ရေးအတွက် လုပ်ဆောင်ဖို့လိုသလို တိုးချဲ့နိုင်သည့် လမ်းများတိုးချဲ့ခြင်း၊ ခုံးကျော်တံတားများ ဖောက်လုပ်ခြင်း၊ မိုးပျံတံတားများ ဖောက်လုပ်ခြင်း၊ လမ်းသွယ်အသီးသီး အသုံးပြုနိုင်ရန် လုပ်ဆောင်ခြင်းကို ဦးစားပေးရမည်ဖြစ်သည်။ လမ်းကြောင်းပေါ်တွင် ကားမရပ်ရေးအတွက် မြို့နယ်တိုင်း နေရာတိုင်း Car Parking များ နေရာရှားပါလျှင် အထပ်များစွာပါဝင်သည့် Car Parking များ များစွာလိုအပ်မှုကြောင့် ယခုအခါ ရန်ကုန်တွင် စတင်ဆောက်လုပ်နေပြီဖြစ်သော်လည်း ယခုထက် ပိုမို ဆောင်ရွက်ရမည်ဖြစ်သည်။ တစ်ပြိုင်တည်းမှာပင် ကားအသုံးပြုမှု လျော့နည်းစေရေးအတွက် အများနှင့်ဆိုင်သည့် သယ်ယူပို့ဆောင်ရေး(Public Transportation) မှာ ရထားပို့ဆောင်ရေးပင်ဖြစ်သည်။ နိုင်ငံတကာတွင်လည်း အထိရောက်ဆုံးနှင့် အားအထားရဆုံးမှာ မီးရထားပို့ဆောင်ရေးပင် ဖြစ်သည်။ ယခုအခါ မြို့ပတ်ရထားတွင် အဲကွန်းမြို့ပတ်ရထား စတင်နေပြီဖြစ်သလို ဈေးနှုန်းသက်သာမှုနှင့် အချိန်သက်သာဖို့အပြင် သက်သောင့်သက်သာရှိမှုတို့ကြောင့် ရထားအသုံးပြုမှု ပိုများလာပြီဖြစ်သည်။

ယခုထက် ရထားစီးရေ တိုးချဲ့ရဦးမည်ဖြစ်သလို ရုံးတက်ရုံးဆင်းချိန်များတွင် အဆက်မပြတ် ပို့ဆောင်ပေးသည့် ရထားသစ်များ ပြေးဆွဲနေဖို့ လုပ်ဆောင်နေပြီဖြစ်သည်။ ရထားကိုသာ နိုင်ငံတကာကဲ့သို့ အချိန်အလိုက် Timetable များဖြင့် မှန်မှန်ပြေးဆွဲနိုင်လျှင် အခြေခံလူတန်းစားများအပါအဝင် ရုံးဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် လူအများစုသည် ရထားကိုသာ သုံးစွဲလာမည်ဖြစ်သည်။ ဤနည်းလမ်းသည် ကားကျပ်မှုအတွက် အခြေခံလူတန်းစားနှင့် လူအများထိခိုက်နေမှုကို အကောင်းဆုံးဖြေရှင်းနိုင်သည့် နည်းလမ်းတစ်ရပ်ဖြစ်သည်။ အခြေခံအဆောက်အအုံ (Hard Infrastructure) ဖြစ်သည့် လမ်းများ၊ ခုံးကျော်တံတားများ၊ မိုးပျံတံတား၊ ကားပါကင်များ၊ ရထားလမ်းတိုးချဲ့ခြင်း စသည်တို့ လုပ်ဆောင်ဖို့ အချိန်လိုပါသည်။ ချက်ချင်းလုပ်ဆောင်၍ မရနိုင်၊ နည်းပညာအရလည်းကောင်း၊ လုံခြုံစိတ်ချရမှုအရ လည်းကောင်း၊ ငွေကြေးတတ်နိုင်မှုအရ လည်းကောင်း၊ ပတ်ဝန်းကျင် မထိခိုက်စေရေးအရ လည်းကောင်း၊ အဘက်ဘက်မှ သေချာစွာတွက်ချက်ပြီး ဆောက်လုပ်ရသည့်အတွက် အချိန်တစ်ခုတော့ ပေးရမြဲဖြစ်သည်။ Soft Infrastructure ဟုခေါ်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းဖြင့်လည်း ဖြေရှင်း၍ရသည်။ အချိန်အများကြီးမလိုပါ။ ရန်ကုန် ကားကျပ်နေရသည့် ပြဿနာသည် တစ်တိုင်းပြည်လုံး ဖြစ်နေသည့် ပြဿနာတော့ မဟုတ်ပေ။ ပေါ်လစီ အပြောင်းအလဲများလျှင်လည်း ယခုကဲ့သို့ နိုင်ငံတကာ FDI လုပ်ငန်းများ ပိုမိုဝင်ရောက်ရန် ဖိတ်ခေါ်နေစဉ် တည်ငြိမ် သည့် ပေါ်လစီဖြစ်ဖို့ လိုပါသည်။ ပို၍အရေးကြီး သည်မှာ ပေါ်လစီအပြောင်းအလဲကြောင့် အများစု ရှိသည့် နယ်များမှ လူများကို ထိခိုက်နိုင်သည်။ တစ်နိုင်ငံလုံး၏ အကျိုးစီးပွား (National interest) အရမူ ဘက်ပေါင်းစုံ သုံးသပ်လေ့လာပြီးမှသာ အများအကျိုးကို ဦးစားပေးရမည် ဖြစ်သည်။

**နိုင်ငံတကာ ဖြေရှင်းသည့် နည်းလမ်းများ**

ယခင်ကထက် ဖွံ့ဖြိုးလာသည့် အာရှနိုင်ငံတိုင်း ကားသုံးစွဲမှု မြင့်တက်နေမှုကြောင့် ရုံးတက် ရုံးဆင်းချိန်များတွင် ကားကျပ်သည့် ပြဿနာရှိနေဆဲပင် ဖြစ်သည်။ သို့သော် ကားလမ်းအပြည့် အသုံးပြုနိုင်ခြင်း၊ ကားတိုင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာသလို လမ်းကူးသည့်သူများကလည်း သတ်မှတ်ထားသည့် မျဉ်းကျား၊ လမ်းကျော် ( Over Pass)၊ မြေအောက်ဖြတ်လမ်း ( Under Pass) များမှ ဖြတ်သန်းခြင်းတို့ကြောင့် ကားကျပ်မှုကို အချိန်တိုအတွင်း ဖြေရှင်းနိုင်သည်။ အခြားနိုင်ငံများတွင် ကိုယ်ပိုင်ကားထားသည့် နေရာမရှိလျှင် "ထားစရိတ်က ကားစရိတ်ထက်" မြင့်လေ့ရှိသည်။ မည်သည့်နိုင်ငံမှ မော်တော်ကားကို လမ်းပေါ်တွင် ထားခွင့်မရှိပါ။"လမ်း ( Road ) ဆိုသည့် အဓိပ္ပာယ်မှာ မောင်းနှင်သွားလာနိုင်သော ယာဉ်များသွားလာရာ လမ်းကြောင်း" ဟု ဆိုပါသည်။ ထို့အတွက် လမ်းပေါ်တွင် ကားမရပ်ရေးအတွက် ကားရပ်နားစခန်းများ အမြန်ဖော်ထုတ်ရမည်ဖြစ်သလို အခြားနိုင်ငံများကဲ့သို့ အချိန်လိုက် အခကြေးငွေပေးသည့်စနစ် ဖော်ဆောင်ရမည်ဖြစ်သည်။

အုပ်ချုပ်မှု နည်းလမ်းများအရလည်း ကားကျပ်သည့်ပြဿနာ ဖြေရှင်းနိုင်သည်။ အခြားနိုင်ငံများတွင် လုပ်လေ့လုပ်ထရှိသည့် အလေ့အကျင့်များအနေဖြင့် ကားအကျပ်ဆုံးဖြစ်သည့် ရုံးတက်၊ ရုံးဆင်းချိန်တွင် ပုဂ္ဂလိက တစ်ဦးချင်းယာဉ်များ သွားလာမှုကို ကန့်သတ်နိုင်ခြင်းပင် ဖြစ်သည်။ ကန့်သတ်ရာတွင် အကျပ်ဆုံးအချိန်ဖြစ်သည့် နံနက် ရုံးတက်ချိန်နှင့် ညနေ ရုံးဆင်းချိန်များအတွင်း မြို့လယ်သို့ မောင်းနှင်ခွင့် ကန့်သတ်ခြင်း၊ ပုဂ္ဂလိက လူစီးယာဉ်များအနေဖြင့် တစ်ယောက်တစ်စီး ခွင့်မပြုတော့ဘဲ ယာဉ်ထိုင်ခုံပြည့်စနစ်ဖြင့် ခွင့်ပြုခြင်း၊ မြို့တွင်းဝင်ခွင့် တစ်ရက်ခြားစနစ် ခွင့်ပြုခြင်းစသည့် နည်းလမ်းများဖြင့် ပုဂ္ဂလိကယာဉ်များ မြို့တွင်းဝင်ရောက်ခွင့် ကန့်သတ်နိုင်သည်။ စင်ကာပူနိုင်ငံအနေဖြင့် ကားကျပ်မှုပြဿနာ ဖြေရှင်းရာတွင် ထိရောက်သည့် နည်းလမ်းတစ်ခုမှာ ကားသစ်ဝယ်ယူ မှတ်ပုံတင်နိုင်ရေးအတွက် ပထမဆုံးလိုအပ်ချက်မှာ COE ( Certificate of Entitlement ) ရရှိရေးပင်ဖြစ်ပြီး COE ရှိမှသာ ယာဉ်ပိုင်ဆိုင်ခွင့်နှင့် သက်တမ်း ကားအမျိုးအစားလိုက် (၅) နှစ်မှ (၁၀) နှစ်အတွင်း သတ်မှတ်ထားသည့် လမ်းများ အသုံးပြုခွင့်ရှိသည်။

*စာမျက်နှာ ၁၂ သို့*

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ရခိုင်ပြည်နယ်အတွင်း စက်မှုဇုန်၊ ယဉ်ကျေးမှုဇုန်၊ ဟိုတယ်ဇုန် ထူထောင်ပေးခြင်းလုပ်ငန်းများ ၂၀၁၅ ခုနှစ် ဒီဇင်ဘာအထိ စီမံဆောင်ရွက်ပေးမည်

**နေပြည်တော် အောက်တိုဘာ ၁**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၁၁)ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် အစီအစဉ်(၉)ခုဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စု လွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က သဘောတူညီသည့် **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၄)၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၄) နှင့် စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**တို့ကို လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်သည်။

ထို့နောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် **လျှပ်စစ်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီက ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို လွှတ်တော်သို့ တင်သွင်းသည်။

ယင်းနောက် **ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘက်စုံမဟာဗျူဟာစီမံကိန်း (လုပ်ငန်းစီမံချက်)**နှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်က ရခိုင်ပြည်နယ်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံလောက်သည့် အင်အားဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ရခိုင်ပြည်နယ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ လဝကနှင့် အကောက်ခွန်ဦးစီးဌာနတို့မှ ဝန်ထမ်း ၃၆၀၀ ပါဝင်သော နယ်ခြားစောင့်ရဲတပ်ဖွဲ့ကို ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ ပင်လယ်ပြင်လုံခြုံရေးအတွက် ရေကြောင်းရဲတပ် ဖွဲ့ကို လည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရဲနှင့်ပြည်သူအချိုး တစ်နိုင်ငံလုံးအတိုင်းအတာသည် ၁း၉၀၀ ဖြစ်သော်လည်း ရခိုင်ပြည်နယ်တွင် ၁း၅၀၀ ဖြင့် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဒေသတွင်း ယာယီနေရာချထားရေးနှင့်ပြန်လည်ထူထောင်ရေး အနေဖြင့် ဒုက္ခသည်များအတွက် တဲတန်းလျား ၂၈၁၂ လုံး၊ လုံးချင်းအိမ်ရာ ၁၃၄၂ လုံး ပြီးစီးအောင် တည်ဆောက်ခဲ့ပါကြောင်း၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ သီးသန့်ရန်ပုံငွေမှ စုစုပေါင်း ကျပ် ၁၁၁၀ ဒသမ ၇၃ သန်းခွင့်ပြုခဲ့ပြီး ဝန်ကြီးဌာန(၈)ခုမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း။

မြစ်ကြောင်းများ လုံခြုံရေးအတွက် တပ်မတော်(ရေ)မှ လိုအပ်သလို ကင်းလှည့်နိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တရားမဝင် ခိုးဝင်လာသူများကို ကာကွယ်ရန်နှင့် ထိုခိုးဝင်လာသူများကို တုံ့ပြန်ရန်အတွက် ရေကြောင်းရဲတပ်ဖွဲ့ဝင်များကို လိုအပ်သည့် လက်နက်အပြည့်အစုံ တပ်ဆင်ပေးရန်၊ နတ်မြစ်နှင့် ပင်လယ်ကမ်းရိုးတန်း တစ်လျှောက် ဝင်ပေါက်/ထွက်ပေါက်များကို ထိရောက်စွာ ထိန်းသိမ်းကြပ်မတ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ



ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အလိုက် လုံခြုံရေးအတွက် ပဋိပက္ခဖြစ်ပွားနိုင်သည့်နေရာ၊ ဒေသအလိုက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ လုံခြုံရေးအင်အားကို သင့်လျော်အင်အား၊ လက်နက်ကိရိယာတို့ဖြင့် ဖွဲ့စည်းတာဝန်ပေးရန်၊ လူအုပ်စုဖွဲ့ရမ်းကားခြင်းနှင့် ပဋိပက္ခဖန်တီးမှုများအတွက် ပိုမိုထိရောက်သော ပဋိပက္ခနှိမ်နင်းရေး အစီအမံများ လေ့ကျင့်ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် စစ်တွေမြို့နယ်အတွင်းရှိ ဒုက္ခသည်များအတွက် ပြန်လည်နေရာချထားပေးရန်၊ ပေါက်တော၊ မြေပုံ၊ ကျောက်တော်၊ မင်းပြား၊ မြောက်ဦး၊ ရသေ့တောင်၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ မောင်တောမြို့နယ်များအတွင်းရှိ ဒုက္ခသည်များအတွက် နေရာချထားရန်နှင့် အဆောက်အအုံများ တည်ဆောက်ပေးရန်၊ ချထားသောနေရာအသစ်များတွင် ချက်ပြုတ်ရေးအတွက် လောင်စာများ ရရှိရေးဆောင်ရွက်ပေးရန်၊ ပြန်လည်နေရာချထားပေးသောနေရာများတွင် သယ်ယူပို့ဆောင်ရေး ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ တယ်လီဖုန်းဆက်သွယ်ရေးများ အဆင်ပြေအောင် တိုးမြှင့် ဆောင်ရွက်ပေးရန်၊ ပြန်လည်နေရာချထားပေးသောစခန်းများတွင် လူဦးရေစာရင်းစစ်ဆေးရန်၊ အသက်မွေးမှုဆိုင်ရာလုပ်ငန်းများ ထောက်ပံ့မှုများတိုးမြှင့်ပေးရန်၊ နေရပ်စွန့်ခွာလူ့အဖွဲ့အစည်းများ၏ နေရာချထားမှုလုပ်ငန်းများအား ရေရှည်အစီအစဉ်များရေးဆွဲကာ ဆောင်ရွက်ပေးရန်၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ INGOs နှင့် NGO အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်၊ ပြန်လည်နေရာချထားပြီးပါက IDP အရေအတွက်ကို လျှော့ချရန်၊ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးရန်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်တို့ ပါဝင်ပါကြောင်း။

ပြန်လည်နေရာချထားနိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များကို နှစ်ဖက်အဖွဲ့အစည်းများသို့ ချပြဆွေးနွေးခြင်း၊ စာရင်းကောက်ယူခြင်း၊ မြေပြင်ကွင်းဆင်းခြင်းလုပ်ငန်းများကို ၂၀၁၄ ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလအထိ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း။

အလားတူ အခြေခံအဆောက်အအုံ တည်ဆောက်ခြင်းကဏ္ဍတွင် ရေ၊ မီး၊ မိလ္လာပါဝင်သည့် နေအိမ်များ၊ ဆက်သွယ်ရေးလမ်းများ၊ စာသင်ကျောင်းများ၊ ဆေးပေးခန်းများနှင့် ဈေးဆိုင်ခန်းများ စသည့် လုပ်ငန်း



ဒေါ်တင်နွယ်ဦး ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

များကို ၂၀၁၄ခုနှစ် အောက်တိုဘာလမှ ၂၀၁၅ ခုနှစ် မတ်လအထိ အချိန်ယူ စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နှစ်ဖက်အဖွဲ့အစည်းရှိ ဒုက္ခသည်များ၊ ဒေသခံပြည်သူလူထုများ၏ သဘောတူညီချက်နှင့်အညီ အထက်ပါလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက ဒုက္ခသည်များ သတ်မှတ်နေရာများသို့ ရွှေ့ပြောင်းနိုင်ရေးအတွက် အစုအဖွဲ့များ စုဖွဲ့ခြင်း၊ လိုအပ်ချက်များ စုဆောင်းခြင်းနှင့်လုံခြုံရေး အစီအမံများရေးဆွဲဆောင်ရွက်ခြင်းလုပ်ငန်းများကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ် မတ်လအတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါ ဒုက္ခသည်များအတွက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့များ၊ လတ်တလော စားဝတ်နေရေး၊ လုပ်ငန်းသုံးပစ္စည်းများထောက်ပံ့ခြင်း လုပ်ငန်းစဉ်များကို ၂၀၁၄ ခုနှစ် ဇူလိုင်လမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဒေသတွင်းဆက်သွယ်ရေး လမ်းများ ပြုပြင်မွမ်းမံ ဖောက်လုပ်ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးခြင်း၊ စက်မှုဇုန်များ တည်ထောင်ပေးခြင်း၊ ယဉ်ကျေးမှုဇုန်နှင့် ဟိုတယ်ဇုန်များ ထူထောင်ပေးခြင်းလုပ်ငန်းရပ်များကို ၂၀၁၄ ခုနှစ် အောက်တိုဘာလမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ စီမံဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များက ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘက်စုံမဟာဗျူဟာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများအပေါ် ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြကြသည်။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘက်စုံမဟာဗျူဟာစီမံကိန်း (လုပ်ငန်းစီမံချက်)အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေ ရှင်းလင်းတင်ပြမှုနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ညောင်ဦးမြို့နယ်ကျေးရွာများ ရေလုံလောက်စွာရရှိရေး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်နိုင်ရေး စီစဉ်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် စော်ဘွားကန်ပြုပြင်ပေးရေး၊ ကျေးရွာရေအလုံအလောက်ရရှိရေး၊ ကျောက်ချောလမ်း ဆောင်ရွက်ပေးရေး၊ မြို့နယ်ခန်းမတည်ဆောက်ပေးရေး၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်းသည့် မေးခွန်းများ မေးမြန်းဖြေကြားခဲ့ကြသည်။

ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင်၏ **“ညောင်ဦးမြို့နယ်ရှိ ကျေးရွာများသို့ ဧရာဝတီမြစ်မှတစ်ဆင့် ရေလုံလောက်စွာရရှိနိုင်ရေး ဆောင်ရွက်ပေးနိုင်မှုရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍



ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြေကြားစဉ်။ (သတင်းစဉ်)

သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက ၁၉၆၄ ခုနှစ်ခန့်က ဩစတြေးလျနိုင်ငံ အကူအညီဖြင့် ညောင်ဦးမြို့နယ် နတ်သမီးကမ်းပါးမှ ဧရာဝတီမြစ်ရေကို တူရွင်းတောင်ပေါ်သို့ ရေတွန်းစက်များဖြင့် တွန်းတင်၍ ရေပေးဝေခဲ့ပါကြောင်း။

တူရွင်းတောင်ပေါ်ရှိ ရေစုကန်သို့ ရေတင်သောစနစ်သည် တင်ရသောအမြင့်ပေများလွန်းခြင်း၊ ရေရောက်ရှိမှုပမာဏ နည်းလွန်းသဖြင့် စမ်းသပ်ရေပေးခြင်းမျှသာ ပြုလုပ်နိုင်ပြီး ရေရှည်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါကြောင်း၊ တောင်ပေါ်ရေတင်၍ ဖြန့်ဝေသောစနစ်မှ လက်ရှိသုံးစွဲနေသော ကျေးရွာများသို့ စက်ဖြင့် တိုက်ရိုက်မောင်းပို့ပေးသော စနစ်ကို ပြောင်းလဲအသုံးပြုခဲ့ပါကြောင်း။

၂၀၀၁ ခုနှစ်တွင် စည်ပင်သာယာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့ပြီး ယခုအချိန်တွင် ရေတင်



ညောင်ဦး မဲဆန္ဒနယ်မှ ဦးအောင်ကြိုင် မေးမြန်းစဉ်။ (သတင်းစဉ်)

စက်များ ချွတ်ယွင်းမှုများပြားလာခြင်းတို့ကြောင့် ကျေးရွာများသို့ရေရောက်ရှိမှုနည်းပါးခဲ့သဖြင့် စက်ရေတွင်းများဖြင့် တူးဖော်၍ ရေပေးဝေခဲ့ပါကြောင်း။

ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးရန် စီစဉ်လျက်ရှိပြီး မြို့ရေပေးဝေရေးလုပ်ငန်း အချို့ရပ်ဆိုင်းမသွားစေရန် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများဖြစ်သော သီးခြားပိုက်လိုင်းများ၊ ရေစုကန်များ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းအတွက် ကျေးရွာများရေလုံလောက်စွာရရှိရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးက **“မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းခြင်းကြောင့် ပဲခူးတိုင်းဒေသကြီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အချို့တို့တွင် ရေကြီးနစ်မြုပ်ပျက်စီးသွားသော လယ်ယာမြေများအား စနစ်တကျစိစစ်၍ တောင်သူလယ်သမားများအတွက် လိုအပ်သော ထိရောက်သည့် ကူညီထောက်ပံ့မှုများ အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း”** အဆိုကို တင်သွင်းခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ပဲခူးမြစ်၊ စစ်တောင်းမြစ်နှင့် ရွှေကျင်ချောင်းတို့သည်လည်း ယခင်နှစ် ဩဂုတ်လ စိုးရိမ်ရေမှတ်များထက် ကျော်လွန်ခဲ့ပါကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ကောက်ယူပြုစုခဲ့သော စာရင်းများအရ စိုက်ပျိုး ပြီးမိုးစပါး ဧက ၁၄၇၀၀၀ ကျော်

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပင်စင်လစာတိုးမြှင့်တွက်ချက်မှုကာလမကြာသေးသဖြင့် ပင်စင်နှင့်ဆုငွေတွက်နည်းပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေး

**နေပြည်တော် အောက်တိုဘာ ၁**

အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်း(၃)ခု မေးမြန်းဖြေကြားခြင်းနှင့် အဆို(၁)ခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဉာဏ်လင်း၏ **“နိုင်ငံတော်အစိုးရ ဝန်ထမ်းများ၏ မြို့ပြပင်စင်များ သင့်လျော်သော ကာလတွင် တိုးမြှင့်ပေးနိုင်ရေး တွက်ချက်မှု ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က မြို့ပြပင်စင်စားများအတွက် ပင်စင်လစာနှင့်လုပ်သက်ဆုငွေ တွက်နည်းတွင် ရာခိုင်နှုန်းတိုးမြှင့်၍ ပြောင်းလဲခွင့်ပြုပေးရေးကိစ္စသည် နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်း၊ ဘတ်ဂျက်ခွင့်ပြုနိုင်မှု အခြေအနေပေါ်မူတည်၍ ဆောင်ရွက်ပေးရမည့်ကိစ္စ ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများကို လစာနှုန်းတိုးမြှင့်ပေးသည့်အခါများတွင် အငြိမ်းစားဝန်ထမ်းများအတွက်လည်း တိုးမြှင့်ခံစားနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းအရ နိုင်ငံ့ဝန်ထမ်းများအတွက် လစာငွေကျပ် ၁၉၅၆ ဒသမ ၇၂၂ ဘီလီယံ စုစုပေါင်းအသုံးစရိတ်၏ ၁၀ ဒသမ ၁ ရာခိုင်နှုန်းနှင့် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအတွက် အငြိမ်းစားလစာနှင့်ဆုကြေးငွေကျပ် ၅၁၁ ဒသမ ၉၅၇ ဘီလီယံ စုစုပေါင်းအသုံးစရိတ်၏ ၂ ဒသမ ၇ ရာခိုင်နှုန်း သုံးစွဲခဲ့ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ-၂၄၆(ခ)ပါ ပင်စင်လစာကို ရာခိုင်နှုန်းဖြင့် တိုးမြှင့်တွက်ချက်မှုပုံစံအတိုင်း လိုက်နာဆောင်ရွက်မှုသည် ကာလမကြာသေးပါသဖြင့် ပင်စင်နှင့်ဆုငွေ တွက်နည်းကို ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

ပြည်တွင်းသတင်း

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား Daewoo International Co.,Ltd. မှ နေ့လယ်စာတည်ခင်းဧည့်ခံ



**နေပြည်တော် အောက်တိုဘာ ၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့သည် အောက်တိုဘာ ၁ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ဆိုးလ်မြို့ Samcheonggak Restaurant သို့ ရောက်ရှိရာ Daewoo International Co.,Ltd,မှ President ဖြစ်သူ Mr.Jeon Beyong II နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် Mr.Jeon Beyong II က မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကို ပြန်လည် မေးမြန်းဆွေးနွေးခဲ့သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးနှင့် အဖွဲ့သည် Daewoo International Co.,Ltd. မှ President ဖြစ်သူ Mr.Jeon Beyong II တို့နှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြသည်။ **(အပေါ်ပုံ)**

နေ့လယ်စာ စားပွဲအပြီးတွင် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

*ပြည်သူ့လွှတ်တော်မှ*

ရေလွှမ်းခဲ့ရာ ဧက ၁၀၁၀၀၀ ကျော်မှာ ရေပြန်ကျပြီး ဧက ၆၀၀၀၀ ကျော် ထိခိုက်ကာ ဧက ၁၁၀၀၀ ကျော် ပျက်စီးခဲ့ပါကြောင်း၊ ကျန် ဧက ၄၆၀၀၀ ကျော်မှာ ၂၀၁၄ ခုနှစ် ဩဂုတ် ၁၃ ရက်အထိ ရေလွှမ်းဆဲ ဖြစ်ပြီး အဆိုပါ စိုက်ဧကများမှာ ၁၆ ရက်ကြာ ရေလွှမ်းခံရသဖြင့် ပျက်စီးဧက စုစုပေါင်း ၅၇၀၀၀ ကျော်ရှိခဲ့ပါကြောင်း၊ ၎င်းပျက်စီးဧကများအား တစ်ဧကလျှင် မိုးစပါး ၁ ဒသမ ၅ တင်းနှုန်း၊ ခန့်မှန်းငွေကျပ် ၁၂၀၀၀ ဖြင့်လည်းကောင်း၊ ထိခိုက်ဧက ၆၀၀၀၀ ကျော်အတွက် တစ်ဧကလျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် လည်းကောင်း စုစုပေါင်း ခန့်မှန်းငွေကျပ် ၁၀၄၇၇၈၀၀၀၀ အား နိုင်ငံတော်သီးသန့်ရန်ပုံငွေမှ ထောက်ပံ့ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြပြီး လက်ရှိအမှန်ထိခိုက်၊ ပျက်စီးဧကများအား ကွင်းဆင်းစိစစ် ထောက်ပံ့ပေးခဲ့ပါကြောင်း။

ဒေသခံ တောင်သူများသည် နှစ်စဉ်ရေကြီးကာလကို သိရှိပြီးဖြစ်သည့်အတွက် မိုးလေဝသ အခြေအနေကို သုံးသပ်ပြီးမှသာ စိုက်ပျိုးလေ့ရှိပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အချို့သော လယ်များမှာ ရေနက်ကွင်းဖြစ်၍ ပုံမှန်ရာသီထက် နောက်ကျစိုက်ပျိုးလေ့ရှိပါကြောင်း၊ အဆိုပါ ရေနက်ကွင်းလယ်များမှ တောင်သူများမှာ ယခုရေကြီးသည့်အချိန်တွင် ပုံမှန်စိုက်ပျိုးသည့် လယ်များကဲ့သို့ ထောက်ပံ့ကြေး ရလိုမှုကြောင့် မီဒီယာ၊ နီးစပ်ရာ ပုဂ္ဂိုလ်များမှ တစ်ဆင့် တောင်းဆိုမှုများ ရှိသော်လည်း တာဝန်ရှိသူများက အဖွဲ့ဖွဲ့စည်း၍ စနစ်တကျ မှတ်တမ်းကောက်ယူပြီး စာရင်းအမှန်ဖြင့်သာ ထောက်ပံ့ပေးခြင်းဖြစ်ပြီး ထောက်ပံ့ပေးမှုကျန်ခဲ့ပါက သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စုအဆင့် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့နှင့် စိုက်ပျိုးရေးလုပ်ငန်းညွှန်ကြားမှု အဖွဲ့များမှတစ်ဆင့် တင်ပြလာပါက ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းခဲ့သည်။ **(သတင်းစဉ်)**

*အမျိုးသားလွှတ်တော်မှ*

အမှတ်(၉)မှ ဦးသော်ဇင်ဦး၏ **"ပခုက္ကူမြို့နယ် ကန်တော်ကျေးရွာရှိ အနော်ရထာကန်ခေါ် ကန်တော်ရေလှောင်တမံအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ကန်တော်ရေလှောင်တမံ ပြန်လည်ပြုပြင်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် အသေးစိတ် တိုင်းတာမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အသေးစိတ်တိုင်းတာမှုများအရ ခန့်မှန်းခြေစာရင်းများရေးဆွဲ၍ လိုအပ်ရန်ပုံငွေအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆည်မြောင်းဦးစီးဌာနက လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းထားသည့် **"မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ ကိုဓဥပဒေ (Myanmar National Building Code) ကို**



ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် ဖြေကြားစဉ်။ (သတင်းစဉ်)

**ပြုစုထုတ်ဝေ၍ ကိုဓဥပဒေပြဋ္ဌာန်းချက်များပါအတိုင်း လိုက်နာကျင့်သုံးစေရေး ဆောင်ရွက်နိုင်ပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"** အဆိုနှင့် စပ်လျဉ်း၍ **မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီး**က အဆောက်အအုံဆိုင်ရာ ကိုဓဥပဒေနှင့် ညီညွတ်မှုမရှိဘဲ ဆောင်ရွက်အကောင်အထည်ဖော်မှုများသည် လူမှုပတ်ဝန်းကျင်ကို ထိခိုက်စေပါကြောင်း၊ ပွင့်လင်းမြင်သာစွာဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှု လုပ်ဆောင်နေချိန်တွင် မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် အဆောက်အအုံဆိုင်ရာ ကိုဓဥပဒေကို အမြန်ပြုစုပြဋ္ဌာန်းထုတ်ပြန်၍ နိုင်ငံတကာကိုဓဥပဒေများနှင့် ယှဉ်တွဲချိတ်ဆက်ပြီး လိုက်နာကျင့်သုံးလုပ်ကိုင်ရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း**က အခြေခံအဆောက်အအုံများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတကာစံများနှင့် ယှဉ်၍ မိမိနိုင်ငံနှင့်လိုက်လျောညီထွေရှိမည့် စက်မှုဆိုင်ရာစံချိန်စံညွှန်းများ၊ သုံးစွဲသည့် စံပေတံများ၊ လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းချက်များ၊ နည်းဥပဒေနှင့်စည်းမျဉ်းများ၊ လူနေအိမ်ရာနှင့် ဆက်စပ်အဆောက်အအုံများဖြစ်ပါ၍ အဆောက်အအုံဆိုင်ရာ ကိုဓဥပဒေကိုပါ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်ဇော**က မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ ကိုဓဥပဒေ မထုတ်ပြန်နိုင်မီကာလတွင် လက်ရှိတွက်ချက်တင်ပြထားသည့် အဆောက်အအုံ ဒီဇိုင်းပုံစံအတိုင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ကန်ထရိုက်တာများက လက်တွေ့တည်ဆောက်ရေး လုပ်ငန်းခွင်တွင် စနစ်တကျတည်ဆောက်စေရန်အတွက် အတိုင်ပင်ခံ အရည်အသွေး စစ်ဆေးကြပ်မတ်မည့်အဖွဲ့အစည်းများကို စည်းမျဉ်းဥပဒေများနှင့်အညီ တည်ထောင်မှတ်ပုံတင်ခွင့်ပြုပြီး အရည်အသွေးစစ်ဆေးကြပ်မတ်ရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။



ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးညာဏ်လင်း မေးမြန်းစဉ်။ (သတင်းစဉ်)

**မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးစိုးမြင့်**က မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာကိုဓဥပဒေ ပြုစုထုတ်ဝေရေးသည် ဆောက်လုပ်ရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် အမှန်တကယ်လိုအပ်နေသော ကိစ္စတစ်ခုဖြစ်ပါကြောင်း၊ ယနေ့ဆောက်လုပ်သော အဆောက်အအုံများသည် ငလျင်ဒဏ်နှင့် မုန်တိုင်းဒဏ်များကိုခံနိုင်ရန် ထည့်သွင်းစဉ်းစားကြရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ (Myanmar National Building Code) ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၁ ခုနှစ် နိုဝင်ဘာလကုန်ခန့်တွင် မူကြမ်းအသီးသီးကို အဆိုပြုတင်သွင်းနိုင်ခဲ့ပါကြောင်း၊ အဆိုပါမူကြမ်းအား ၂၀၁၁ ခုနှစ် ဒီဇင်ဘာလမှစ၍ အပြန်အလှန် သုံးသပ်လေ့လာပြီး ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် အချောသပ် နိုင်ခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၆ ရက်တွင် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ ကိုဓဥပဒေမူကြမ်း စိစစ်ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ ကိုဓဥပဒေ (Myanmar National Building Code) မူကြမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ထောက်ခံဆန္ဒမဲများသည့်အတွက် အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၅ မှ*

Criteria နဲ့ Market Development Criteria တွေဆိုပြီး သုံးမျိုးရှိပါတယ်။ အဲဒီအောက်မှာမှ Sub Criteria တွေ ၇၅ ခုရှိပြီး အဲဒီအပေါ်အခြေခံပြီး ရွေးတာပါ။ ရွေးချယ်တဲ့အချိန်မှာ ပွင့်လင်းမြင်သာမှုရှိအောင်လို့ ရွေးချယ်ရေးကော်မတီတင်မက International Consultant တွေ ပူးပေါင်းပြီးလို့ရှိရင် ကျွန်တော်တို့ဂျာမန် Consultant နဲ့ ရွေးချယ်တာအပြင် IMF အကြံပေး၊ World Bank အကြံပေးတွေနဲ့ ပူးပေါင်းလုပ်ဆောင်တာ ဖြစ်ပါတယ်။ အဲဒါကြောင့် ရွေးချယ်ရေးအဖွဲ့မှာ ပူးပေါင်းလုပ်တာဖြစ်တဲ့အတွက် Criteria တွေကို ပြောင်းလို့မရပါဘူး။ Criteria တွေ Request for Proposal လုပ်တဲ့အခါ အသေးစိတ် ရေးထားပြီးသားဖြစ်ပါတယ်။ ဒီ Criteria ကိုကြည့်ပြီး ဘဏ်တွေက Proposal တွေကို Prepare လုပ်တာဖြစ်တဲ့အတွက် ကျွန်တော်တို့က Criteria ပြင်လို့မရသလို သူတို့ကလည်း Criteria နဲ့အညီ တင်ရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ တင်ဒါစနစ်နဲ့ နိုင်ငံခြားဘဏ်တွေ ရွေးချယ်တာ တစ်ကမ္ဘာလုံးမှာ မြန်မာနိုင်ငံပဲရှိမယ်ထင်ပါတယ်။ တစ်ကမ္ဘာလုံးမှာ ဘဏ်ရွေးချယ်ခွင့်၊ ဘဏ်ပေးခွင့်လိုင်စင်ပေးတာ တချို့နိုင်ငံမှာ ဗဟိုဘဏ်ကပေးသလို ဘဏ္ဍာရေးဝန်ကြီးဌာနက ပေးတာလည်းရှိပါတယ်။ Regulatory Power ဖြစ်တဲ့အတွက် ဘယ်နိုင်ငံမှာမှ အခုလိုရွေးတာမရှိပါဘူး။ မြန်မာနိုင်ငံမှာ ပထမဦးဆုံးပါ။ နိုင်ငံတကာမှာလည်းစုံစမ်းလို့ရပါတယ်။ မြန်မာနိုင်ငံမှာ အဲဒီလိုတင်ဒါပုံစံနဲ့ ရွေးချယ်ရတာက အခုမှစတာ သုံးနှစ်လောက်ပဲရှိတဲ့အခါ တစ်ခုခုအမှားမခံပါဘူး။ ဒါကြောင့် International Consultant တွေနဲ့ပူးပေါင်းရွေးချယ်တာပါ။

ပြည်တွင်းဘဏ် ကာကွယ်တဲ့အပိုင်းနဲ့ ပတ်သက်လို့ကတော့ ပြည်တွင်းဘဏ်ကို ကာကွယ်လိုက်ရင်လည်း ပြည်တွင်းလုပ်ငန်းရှင်တွေသာမကဘူး Foreign Investment တွေအတွက်ရော အများကြီး Positive Impact တွေရှိတော့မှာ မဟုတ်ပါဘူး။ ပြည်တွင်းဘဏ်ကို အကာအကွယ်မပြုနိုင်ဘူးဆိုရင်လည်း စက်ရုံတစ်ရုံပျက်သွားတာ ဘာမှမဖြစ်ပါဘူး။ ပြည်တွင်းဘဏ်တစ်ခုပျက်သွားရင် ဒိုမိနို Effect တို့ဝင်ပြီး ငွေရေးကြေးရေးပြဿနာဖြစ်နိုင်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ပြည်တွင်းဘဏ်ကို ကာကွယ်သင့်သလောက်ကာကွယ်တယ်။ လုပ်ငန်းရှင်တွေအတွက် အဆင်ပြေအောင် Balance ယူပြီး Conditions တွေ သတ်မှတ်ရပါတယ်။ သတ်မှတ်တဲ့အခါမှာလည်း သတ်မှတ်တဲ့ Conditions က အလွန်ကို တင်းကျပ်သွားပြီး နိုင်ငံခြားဘဏ်တွေ ဘာမှလုပ်လို့ကိုင်လို့မရဘဲ ပြဿနာဖြစ်သွားမယ့်အခြေအနေ မရောက်အောင် Conditions တွေအားလုံးဟာလည်း ဒီ Region တစ်ခုလုံးမှာရှိတဲ့ တခြားနိုင်ငံတွေအားလုံးမှာ သတ်မှတ်ထားတဲ့ Regionally Acceptable ဖြစ်တဲ့ Conditions တွေသတ်မှတ်ပါတယ်။ သတ်မှတ်တဲ့အခါ East European Country တွေကို လေ့လာပါတယ်။ East European Country တွေမှာ ဘာ Conditions မှ မသတ်မှတ်တဲ့အတွက် နိုင်ငံခြားဘဏ်တွေကနေ ၉၀ ရာခိုင်နှုန်းကျော် ကြီးစိုးသွားတဲ့အခြေအနေတွေကို တွေ့ရပါတယ်။ အာရှနိုင်ငံတွေမှာတော့ ဒီလို Conditions တွေ သတ်မှတ်ထားတဲ့အတွက် ဘယ်နိုင်ငံမှာမှ နိုင်ငံခြားဘဏ်တွေရဲ့ Access တွေက Total Banking Access ရဲ့ ၂၅ ရာခိုင်နှုန်းကို မကျော်တာတွေ့ရပါတယ်။ ကျွန်တော်တို့ကတော့ Balance အများကြီးယူရပါတယ်။ ပြည်တွင်းဘဏ်တွေကိုလည်း Over Protection မဖြစ်အောင်လို့ ပြည်တွင်းလုပ်ငန်းရှင်တွေလည်း အဆင်ပြေအောင်လုပ်ရတာဖြစ်ပါတယ်။

အဆိုပါ နိုင်ငံခြားဘဏ်များ လုပ်ကိုင်ခွင့်နှင့်ပတ်သက်၍ စည်းကမ်း သတ်မှတ်ချက်အနေဖြင့် **နိုင်ငံခြားဘဏ် တစ်ဘဏ်ချင်း၏ ဘဏ်ခွဲတစ်ခုကို တစ်နေရာတည်း၌သာ ဖွင့်လှစ်ခွင့်ပေးမည်ဖြစ်ကြောင်း၊ လက်ကားဘဏ်လုပ်ငန်းကိုသာ လုပ်ကိုင်ခွင့်ပေးမည်ဖြစ်ပြီး လက်လီဘဏ်လုပ်ငန်းကို ကနဦး လုပ်ကိုင်ခွင့် မပြုကြောင်း၊ နိုင်ငံခြားဘဏ်များအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများနှင့် ပြည်တွင်းဘဏ်များကို ငွေချေးရန်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ပြည်တွင်းကုမ္ပဏီများကို ငွေချေးရာတွင် ပြည်တွင်းဘဏ်များမှတစ်ဆင့် သော်လည်းကောင်း၊ ပြည်တွင်းဘဏ်များနှင့် ပူးပေါင်း၍ Syndicated Loan အနေဖြင့်သော်လည်းကောင်း ငွေချေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံခြားဘဏ်တစ်ဘဏ်လျှင် အနည်းဆုံး မတည်ငွေ အမေရိကန်ဒေါ်လာ ၇၅ သန်းကို ယူဆောင်လာရမည်ဖြစ်ပြီး ၎င်းမတည်ငွေ၏ ရာခိုင်နှုန်းတစ်ခုအား Lock-in လုပ်ထားမည်ဖြစ်ကာ မြန်မာနိုင်ငံမှ ပြန်လည်ထုတ်ယူသွားခြင်းကို တားမြစ်ထားမည်ဖြစ်ကြောင်း သိရှိရသည်။**

**(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မြန်မာအသင်းနှင့် လာအိုအသင်းတို့ ပိုက်ကျော်ခြင်းယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး ပြိုင်ပွဲအပြီးတွင်မြန်မာအားကစားအသင်းကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။ ထို့နောက် အောင်ပွဲရ မြန်မာပိုက်ကျော်ခြင်းအသင်းနှင့် မြန်မာအားကစားအသင်းတို့အား ဂုဏ်ပြုဆုငွေများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

❍ *ကျောဖုံးမှ*

မောင်းသူမဲ့လေယာဉ်များကို အသုံးပြုကာ ပျောက်ဆုံးသွားသည့် လမ်းကြောင်းတစ်လျှောက် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ရန် ပြင်ဆင်နေသော်လည်း ရှာဖွေတွေ့ရှိခြင်း မရှိသေးပေ။

တောင်တက်သမား နှစ်ဦး ပျောက်ဆုံးမှုမှာ တစ်လခန့်ရှိခဲ့ပြီဖြစ်ပြီး ပြန်လည်တွေ့ရှိရန် မလွယ်ကူတော့ကြောင်း တောင်တက်အတွေ့အကြုံရှိသူများက မှတ်ချက်ပြုကြသည်။ ရဟတ်ယာဉ်ပျောက်ဆုံးမှုမှာ လေးရက်ခန့် ကြာမြင့်လာသော်လည်း ထူးခြားမှုမရှိသောကြောင့် ပါဝင်လိုက်ပါသွားသူ ထိုင်းနိုင်ငံသား ရဟတ်ယာဉ်မှူး မစ္စတာ ချက်ချာဝယ်၊ မြန်မာရဟတ်ယာဉ်မှူး ကိုအောင်မြတ်တိုး၊ ထူးဖောင်ဒေးရှင်းမှ ကိုရွှေရင်တော်ကြီးတို့၏ အခြေအနေမှာ စိုးရိမ်ဖွယ်ဖြစ်နေကြောင်း သိရသည်။

ထို့အပြင် ဒေသခံအချို့က နောင်မွန်းမြို့နယ်အတွင်းရှိ တောင်ကြားတစ်ခုအတွင်းသို့ ရဟတ်ယာဉ် ထိုးဆင်းသွားသည်ကို တွေ့ရှိရကြောင်း စက်တင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းက အကြောင်းကြားလာသဖြင့် ယင်းတောင်ကြား နယ်မြေအတွင်း နယ်မြေခံတပ်ရင်းများနှင့် တာဝန်ရှိသူများ၊ ရှာဖွေရေးအဖွဲ့များက ရှာဖွေသော်လည်း ထူးခြားမှုမရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ပြည်နယ်၏စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုရေးရည်ရွယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန မွန်ပြည်နယ်ဦးစီးမှူးရုံး ဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၁**

မွန်ပြည်နယ် မော်လမြိုင်မြို့ကို အခြေပြု၍ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့အတွင်းမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် လွယ်ကူစွာ ဆက်သွယ်ဆောင်ရွက်နိုင်ရေး၊ နိုင်ငံသား၊ နိုင်ငံခြားကုမ္ပဏီမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ပြည်နယ်အတွင်း လွယ်ကူစွာ ဆောင်ရွက်နိုင်ခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်နယ်၏ စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုရေးရည်ရွယ်လျက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ကြီးကြပ်မှုဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မွန်ပြည်နယ်၊ ပြည်နယ် ဦးစီးမှူးရုံး ဖွင့်ပွဲအခမ်းအနားကို မွန်ပြည်နယ်၊ မော်လမြိုင်မြို့၌ အောက်တိုဘာ ၁ ရက်တွင် ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ မွန်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မွန်ပြည်နယ်အတွင်းရှိ စီးပွားရေးဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ရုံးသစ်ကို မွန်ပြည်နယ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဒေါက်တာခင်မောင်သွင်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဦးအောင်နိုင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးဇေယျာအောင်တို့က အမှာစကားများ ပြောကြားကာ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံး ဖွင့်လှစ်ပေးခဲ့ခြင်းကြောင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဆိုပြုချက်များ တင်ပြခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆက်စပ်လုပ်ငန်းများကို နိုင်ငံခြားသားလုပ်ငန်းရှင်များနှင့် ဖက်စပ်ဆောင်ရွက်ခြင်း၊ ကုမ္ပဏီမှတ်ပုံတင်ခြင်းနှင့် ကုမ္ပဏီဆိုင်ရာကိစ္စအရပ်ရပ်များ ဆောင်ရွက်ခြင်းကို ဒေသအတွင်း၌ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုးချဲ့ဖွင့်လှစ်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တွင် ၂၀၁၄ ခုနှစ် ဧပြီလတွင်လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ဩဂုတ်လတွင်လည်းကောင်းဖွင့်လှစ်ခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဆက်လက်ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရဲတပ်ဖွဲ့ဝင်များသည် အုပ်ချုပ်ရေးမဏ္ဍိုင်ကြံ့ခိုင်စေသော အုတ်မြစ်ကောင်းများဖြစ်ရန် ကြိုးစားဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ကမာရွတ်မြို့နယ် မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်၊ အငြိမ်းစား ရဲတပ်ဖွဲ့ဝင်အရာရှိကြီးများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကား ပြောကြားရာတွင် ယနေ့ ဒီမိုကရေစီနိုင်ငံတော်တွင် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်ဆိုသည့် မဏ္ဍိုင်ကြီး(၃) ရပ် ချမှတ်ပြီး ဆောင်ရွက်နေကြောင်း၊ အုပ်ချုပ်ရေး မဏ္ဍိုင်အောက်တွင် ရဲတပ်ဖွဲ့သည် အရေးကြီးသည့်အပိုင်းမှ ပါဝင်ဆောင်ရွက်နေသည်ကို တွေ့မြင်ရမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသောတပ်ဖွဲ့ဝင်များသည် တိုင်းရင်းသားပြည်သူများဖြစ်၍ ပြည်သူ့အကျိုးကို ဥပဒေနှင့်အညီကာကွယ်စောင့်ရှောက်သူများဖြစ်ရန် ကြိုးစားကြစေလိုကြောင်း၊ သစ္စာရှိရှိ သမာဓိ၊ တည်ကြည်စွာဖြင့် ကိုယ်ကျင့်တရားကောင်းမွန်ရန် မိမိကိုယ်မိမိ စောင့်ရှောက်ပြီး အုပ်ချုပ်ရေးမဏ္ဍိုင်ကြံ့ခိုင်စေသော အုတ်မြစ်ကောင်းများဖြစ်ရန်၊ ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မှုခင်းဖော်ထုတ်ရာတွင် စွမ်းစွမ်းတမံ ဖော်ထုတ်ခဲ့သည့် ရာထူးတစ်ဆင့် တိုးမြှင့်ခံရသော တပ်ဖွဲ့ဝင်အရာရှိများနှင့် ဂုဏ်ပြုဆုရသူ တပ်ဖွဲ့ဝင်များအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခံရသည့် တပ်ဖွဲ့ဝင်များအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက နေအိမ်လိုင်းခန်းဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်တံဆိပ်ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးထံသို့ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ လှုပ်ရှားဆောင်ရွက်မှုပြခန်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(ဓါတ်ပုံ)** **(သတင်းစဉ်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၅၀)ပြည့် ရွှေရတုနှစ်ပတ်လည်နေ့ မန္တလေး၌ကျင်းပ

**မန္တလေး အောက်တိုဘာ ၁**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှစ်(၅၀) ပြည့် ရွှေရတုနှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်အမှာစကား ပြောကြားကာ ဆုများချီးမြှင့်သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရွှေရတုနှစ်ပတ်လည်နေ့အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ခရိုင်အလိုက် ဘက်စုံအကောင်းဆုံးဆုရရှိသည့် မန္တလေးခရိုင်ရဲတပ်ဖွဲ့အား လည်းကောင်း၊ ၂၀၁၃ ခုနှစ် ရဲချုပ်တံခွန်စိုက်ဒိုင်းသေနတ်ပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသူများကိုလည်းကောင်း၊ ဆုများချီးမြှင့်ပြီး တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ၂၀၁၄ ခုနှစ်အတွင်း မှုခင်းများအား စွမ်းစွမ်းတမံဖော်ထုတ်ခဲ့သည့် တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ တိုင်းရဲအကူ တပ်ဖွဲ့ခွဲ၊ မှုခင်းအကူဌာနစုအား ဆုချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံပြခန်းကို ကြည့်ရှုအားပေးခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ နေပြည်တော်၌ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

နေပြည်တော်ရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရွှေရတုနှစ်ပတ်လည်နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းထံမှ ပေးပို့သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရွှေရတုနှစ်ပတ်လည်နေ့အခမ်းအနား သဝဏ်လွှာကို နေပြည်တော် ရဲတပ်ဖွဲ့မှူး၊ ရဲမှူးကြီးကိုကိုအောင်က ဖတ်ကြားပြီး နေပြည်တော်ရဲတပ်ဖွဲ့အတွင်းရှိ တပ်ဖွဲ့များမှ လုပ်ငန်းစွမ်းဆောင်ရည်ဆု၊ တာဝန်ကျေပွန်မှုဆု၊ တပ်ဖွဲ့နှင့် ပူးပေါင်း၍မှုခင်းဖော်ထုတ်နိုင်မှုဆု၊ အဝတ်အစားဆင်ယင်မှုအကောင်းဆုံးဆု၊ နေအိမ်လိုင်းခန်း သန့်ရှင်းမှုဆု၊ သင်တန်းထူးချွန်မှုဆုများကို နေပြည်တော်ရဲတပ်ဖွဲ့မှူး၊ ဒုတိယ တပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်နှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

ပြည်တွင်းသတင်း

# နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင်စေလွှတ်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် နိုင်ငံ့ဝန်ထမ်းများ၏စွမ်းဆောင်ရည်မြင့်မားလာစေရန်အတွက်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံတကာအတွေ့အကြုံများရရှိပြီး မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက် အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက်လည်းကောင်း ရည်ရွယ်ပြီး ပြည်ပနိုင်ငံများသို့ နိုင်ငံခြားပညာတော်သင်အဖြစ် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆုကမ်းလှမ်းမှုအစီအစဉ်အရ ယခင်ကထက် စနစ်တကျ ရွေးချယ်စေလွှတ်နိုင်ရန်အလို့ငှာ နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၇-၅-၂၀၁၁ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၁)ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၂။ အဆိုပါကော်မတီအနေဖြင့် ပညာသင်ဆုများကို ဝန်ကြီးဌာန/အဖွဲ့အစည်းများသို့ စနစ်တကျခွဲဝေပေးခြင်း၊ ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးတို့၏ အဆိုပြုချက်များကို စိစစ်ခြင်းများဆောင်ရွက်ပြီး နိုင်ငံခြားပညာတော်သင်များ စေလွှတ်ပေးလျက်ရှိရာ ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်း ပါရဂူဘွဲ့၊ မဟာသိပ္ပံ/ဝိဇ္ဇာဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာသင်တန်းသို့ ပညာသင် ၇၆ ဦးနှင့် ဘွဲ့မယူသော သင်တန်း (Training) သို့ ပညာသင် ၃၂၄ ဦး စုစုပေါင်း ပညာသင် ၄၀၀ ကို ပြည်ပနိုင်ငံ ၂၇ နိုင်ငံသို့ သွားရောက်ပညာသင်ယူ ဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးနိုင်ခဲ့သည်။ စက်တင်ဘာလအတွင်း ပညာသင်ဦးရေ အများဆုံးစေလွှတ်ခဲ့သည့် နိုင်ငံများမှာ ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့ဖြစ်သည်။

၃။ နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ စတင်ဖွဲ့စည်းချိန်မှစ၍ ၂၀၁၄ ခုနှစ် စက်တင်ဘာလကုန်အထိ ပါရဂူဘွဲ့၊ မဟာသိပ္ပံ/ဝိဇ္ဇာဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာသင်တန်းသို့ ပညာသင် ၉၁၅ ဦးနှင့် ဘွဲ့မယူသောသင်တန်း(Training)သို့ ပညာသင် ၆၉၇၀ စုစုပေါင်း ပညာသင် ၇၈၈၅ ဦးကို ပြည်ပနိုင်ငံ ၅၅ နိုင်ငံသို့ ပညာသင်ယူဆည်းပူးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း ဖော်ပြအပ်ပါသည်။

**နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဂုဏ်ပြုဇာတ်လမ်းတွဲ အပတ်စဉ် ထုတ်လွှင့်သွားမည်

**နေပြည်တော် အောက်တိုဘာ ၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ နှစ်(၅၀)ပြည့် ရွှေရတုဂုဏ်ပြုအစီအစဉ်အဖြစ် **“အချိန်တိုင်း၊ နေရာတိုင်း”** ရုပ်မြင်သံကြားဇာတ်လမ်းတွဲအား မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်တွင် အောက်တိုဘာ ၁ ရက်၊ ၃ ရက်နေ့နှင့် လာမည့်အပတ်စဉ် ကြာသပတေးနေ့နှင့် သောကြာနေ့တို့၌ ည ၉ နာရီ သတင်းများအပြီး ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား သီပေါ၌ကျင်းပ

**သီပေါ အောက်တိုဘာ ၁**

နှစ်(၅၀)ပြည့် ရွှေရတုမြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရဲတပ်ဖွဲ့စခန်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဖြစ်ပေါ်လာသည့်သမိုင်းကြောင်းကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်ပတ်လည်အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းထံမှ ပေးပို့သောသဝဏ်လွှာကို သီပေါမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေက ဖတ်ကြားသည်။

ဆက်လက်၍ မှုခင်းဖော်ထုတ်ရာတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် တပ်ဖွဲ့ဝင်များအား မြို့နယ်အုပ်ချုပ်ရေးမှူးက လည်းကောင်း၊ မှုခင်းကျဆင်းရေး လုပ်ငန်းများတွင် ရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ခဲ့သည့် ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့ဝင်များအား မြို့နယ်ရဲတပ်ဖွဲ့မှူးက ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာများကို လည်းကောင်း ချီးမြှင့်ပေးအပ်သည်။

**(အောက်ပုံ) စိုင်း(သီပေါ)**



ဆောင်းပါးနှင့်ဂျာနယ်

# ဒီမိုကရက်တစ်ရဲလုပ်ငန်းနှင့် မြန်မာ့ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးကြိုးပမ်းမှု(၃)

ထက်ခေါင်

ရဲအဖွဲ့များအပေါ် လူထု၏အမြင်မှာ အရှေ့တိုင်းနိုင်ငံများနှင့်အနောက်တိုင်းနိုင်ငံတို့တွင် ကွဲပြားခြားနားကြသည်။ အနောက်တိုင်းနိုင်ငံများတွင် များသောအားဖြင့် ရဲအဖွဲ့ဝင်များသည်သာမန်အရပ်သားပင်ဖြစ်၍ အရပ်သားများ ဘေးအန္တရာယ်ရှိက ကူညီစောင့်ရှောက်ရန် စရိတ်ကြေးငွေယူ၍ တာဝန်ထမ်းဆောင်ကြသူများဖြစ်သည်။ ထိုရဲအဖွဲ့ဝင်၏ အလုပ်ဝတ္တရားကို ကျေပွန်အောင်ဆောင်ရွက်နိုင်ခြင်းမှာ အရပ်သားတို့က စိတ်ရောကိုယ်ပါ ကူညီထောက်ပံ့သည့်အပေါ်၌မူတည်သည်။ ရဲအဖွဲ့ဝင်များသည် ပြည်သူလူထုက ပြဋ္ဌာန်းသောဥပဒေများအရ လိုက်နာဆောင်ရွက်ရာတွင် ကူညီရန်တာဝန်ရှိသည်။ သို့ဖြစ်ရာ အနောက်တိုင်းနိုင်ငံများတွင် ရဲအဖွဲ့ဝင်သည် အများပြည်သူလူထု၏ အကျိုးကို စောင့်ရှောက်ကာကွယ်သူဟူ၍လည်းကောင်း၊ (Friend of the People) မိတ်ဆွေကောင်းဟူ၍လည်းကောင်း အများပြည်သူလူထုက အသိအမှတ်ပြုကြလေသည်။ ယင်းသို့သော အကြောင်းကြောင့်ပင် အနောက်တိုင်းနိုင်ငံများတွင် များသောအားဖြင့် ရဲအဖွဲ့သည် ပြည်သူလူထု၏ရဲအဖွဲ့ဖြစ်ပြီး တစ်ပြေးတည်း တစ်သားတည်းရှိ၍ ပြည်သူလူထု၏ အကူအညီကို အမြဲလိုပင်ရရှိခြင်းပင်ဖြစ်ပေသည်။ အုပ်ချုပ်ရေးအာဏာပိုင်တို့၏လက်ကိုင်တုတ်အနေဖြင့် ပြည်သူအပေါ်တွင် တန်ခိုးအာဏာပြလျက် မာန်မာနစိတ်ထားရှိသော ရဲအဖွဲ့မျိုးမဟုတ်ပေ။ ရဲအဖွဲ့ဝင်သည် မိမိ၏တာဝန်အလုပ်တို့ကို ဆောင်ရွက်ရာတွင် အများပြည်သူတို့ကို အနှောင့်အယှက်ပေးခြင်းများမပြုလုပ်ဘဲ အမြဲတစေ ရှောင်ကြဉ်သည့်အပြင် မိမိကိုယ်မိမိ ပေါ်လွင်လိုမှုကို တတ်အားသရွေ့ ရှောင်ကြဉ်ကြပါသည်။ အထက်ဖော်ပါ အနောက်တိုင်းနိုင်ငံများရှိ အများစုသော ရဲအဖွဲ့ဝင်တို့သည် အရပ်သားတို့အား လွတ်လပ်စွာ တရားဥပဒေအတိုင်း လိုက်နာကျင့်သုံးစေ၍ လိုအပ်သည့်အခါမှသာ ထွက်ပေါ်လာပြီး လိုအပ်သောအကူအညီကို ပေးသူဖြစ်ပါသည်။

ထို့ကြောင့် အများပြည်သူတို့၏စိတ်ကိုထိခိုက်၍ လွတ်လပ်စွာနေထိုင်ခြင်းကို ပျက်စီးစေမည့်ကိစ္စမျိုးဖြစ်သော လူကိုဖမ်းဆီးခြင်း၊ ပစ္စည်းရှာဖွေခြင်း၊ လူဆိုးများကို စောင့်ကြပ်ကြည့်ရှုခြင်း အစရှိသော ဝတ္တရားများကို ဆင်တူဝတ်စုံဝတ်ဆင်သောရဲအဖွဲ့က မဆောင်ရွက်ဘဲ အရပ်ဝတ်အရပ်စားဝတ်သော ရဲအဖွဲ့ကသာလျှင် ဆောင်ရွက်ကြသည်။ ထိုအရပ်ဝတ်အရပ်စား ရဲအဖွဲ့ကို ရာဇဝတ်မှု စုံစမ်းစစ်ဆေးသည့်ဌာနဟူ၍လည်း ခေါ်ကြသည်။ ထိုကဲ့သို့ အရပ်ဝတ်အရပ်စားနှင့် ရဲမှုထမ်းခြင်းသည် အမှုများကိုပေါ်ပေါက်အောင်စစ်ဆေးရာတွင် အကူအညီဖြစ်သည်သာမက လူတစ်ဦးတစ်ယောက်အပေါ်တွင် တရားဥပဒေအရအရေးယူရန်အကြောင်းကိစ္စရှိသည့်အခါတွင် အရေးယူခြင်းကို မထင်မရှားစေဘဲ ဝတ္တရားကိုကျေပွန်စွာ ဆောင်ရွက်နိုင်သော ကောင်းကျိုးများကိုပါ ရရှိစေသည်။

အရှေ့ပိုင်းနိုင်ငံများရှိ ရဲအဖွဲ့များသည်ဥရောပတိုက်ရှိ ရဲအဖွဲ့များကဲ့သို့ ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ နယ်ချဲ့သမားများတည်ထောင်ခဲ့သည့် ကိုလိုနီစနစ်(Colonial System)မှပေါက်ဖွားသည့် ရဲအဖွဲ့သာဖြစ်ကြောင်း တွေ့ရှိရသည်။ ဤသို့ ဖွဲ့စည်းခဲ့သည်မှာ ငြိမ်ဝပ်ပိပြားရေးအတွက်သာမက ၎င်းတို့လက်ကိုင်တုတ်အနေဖြင့် အသုံးပြုရန်သော်လည်းကောင်း၊မိမိတို့အာဏာတည်မြဲနိုင်ရန်သော်လည်းကောင်း၊ ဗဟိုဌာနမှအုပ်ချုပ်လျက် တပ်သဘောသက်ရောက်သည့် အဖွဲ့အဖြစ်ဖြင့် တည်ထောင်ထားခြင်းဖြစ်သည်။ လူထု၏ ကူညီမှု၊ ရိုသေကိုင်းရှိုင်းမှုကို အားကိုးခြင်းမပြုဘဲ အများပြည်သူတို့အား ကြောက်ရွံ့ကြစေရန်သာ ရည်ရွယ်ချက်ဖြင့် တည်ထောင်ထားသည့် ရဲအဖွဲ့များဖြစ်ကြောင်း တွေ့ရှိရသည်ဟု သုံးသပ်အစီရင်ခံခဲ့ကြသည်။ ဤသည်မှာ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီနည်းကျ ရဲလုပ်ငန်းသို့ ရောက်ရှိစေရန် ရှေးမဆွကပင် ကြိုးပမ်းအားထုတ်ခဲ့မှု သမိုင်းအထောက်အထား ဖြစ်လေသည်။

**အိမ်စောင့်အစိုးရခေတ်**

၁၉၅၈ခုနှစ်မှ ၁၉၆၀ ခုနှစ် အိမ်စောင့်အစိုးရလက်ထက်တွင် ဖဆပလခေတ်ကဲ့သို့ပင် မြန်မာပြည်ရဲအဖွဲ့၊ ရန်ကုန်ရဲအဖွဲ့နှင့် ပြည်ထောင်စုစစ်ရဲတပ်ရင်းဟူ၍ ဖွဲ့စည်းခဲ့သည်။ ပြည်တွင်းရေးအခြေအနေ ရှုပ်ထွေးနေသဖြင့် မှုခင်းပိုင်းထက် လုံခြုံရေးနှင့် သောင်းကျန်းသူချေမှုန်းတိုက်ခိုက်ရေးလုပ်ငန်းပိုင်းကို အလေးပေးဆောင်ရွက်ခဲ့ကြရသည်။ အိမ်စောင့်အစိုးရလက်ထက်၌ ပြည်ထောင်စု စစ်ရဲ(ယူအမ်ပီ)ကို ၁၉၆၀ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ပြည်စောင့်ရဲ(ယူစီ) (Union Constabulary) ဟု အမည်သစ်ဖြင့် ပြင်ဆင်ဖွဲ့စည်း၍ (ဒုရဲတပ်ချုပ်) ဗိုလ်မှူးကြီး သူရမင်းသိန်းက အုပ်ချုပ်ခဲ့သည်။ ယူစီသည် ပြည်တွင်းလုံခြုံရေးနှင့် တိုက်ခိုက်ရေးတာဝန်များကို တပ်မတော်နှင့် လက်တွဲထမ်းဆောင်ခဲ့သည်။

**ပြည်ထောင်စုအစိုးရခေတ်**

၁၉၆၀ မှ ၁၉၆၂ ပြည်ထောင်စုအစိုးရခေတ်တွင် ယခင်ကကဲ့သို့ပင် မြန်မာပြည်ရဲအဖွဲ့၊ ရန်ကုန်ရဲအဖွဲ့နှင့် ပြည်စောင့်ရဲအဖွဲ့တို့ကို ဆက်စပ်ဖွဲ့စည်းထားရှိခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် မြန်မာနိုင်ငံရဲအဖွဲ့အား လေးနှစ်စီမံကိန်းဖြင့် ပြုပြင်ပြောင်းလဲရန် ဆောင်ရွက်ခဲ့သည်။ ထိုစီမံကိန်းတွင် ရာဇဝတ်မှုနှိမ်နင်းရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် တပ်ဖွဲ့ဝင်အရည်အချင်း မြှင့်တင်ရေးဟူ၍ အပိုင်းနှစ်ပိုင်းပါဝင်သည်။ ထို့အပြင် ပြည်ထောင်စုရဲအဖွဲ့အတွက် အင်အားတိုးချဲ့ရေး၊ လက်နက်တပ်ဆင်မှုတိုးချဲ့ရေး၊ ဆက်သွယ်ရေးနှင့် ပို့ဆောင်ရေးကဏ္ဍတိုးချဲ့ရေး၊ ဆေးရုံဖွင့်လှစ်ရေး၊ ဝတ်စားတန်ဆာတိုးချဲ့ထောက်ပံ့ရေးများကိုလည်း ရေးဆွဲဖော်ပြခဲ့သည်။

ထိုစီမံကိန်း၏ အနှစ်သာရမှာ မြန်မာနိုင်ငံရဲအဖွဲ့ကို လွတ်လပ်သောနိုင်ငံတစ်ခု၏ ရဲပီပီ ပြည်သူလူထုကို အလုပ်အကျွေးပြုသောရဲအဖြစ် လူထု၏အမြင် ပြောင်းလဲလာရန် ကြိုးပမ်းခြင်းပင်ဖြစ်သည်။ **၁၉၆၁ ခုနှစ် ဩဂုတ်လ ၁ရက်နေ့ထုတ် ရဲကြေးမုံစာစောင် အတွဲ(၅)၊ အမှတ်(၂)ပါ ''ရဲနှင့်ပြည်သူ''ဆိုသော ဆောင်းပါးတွင်-**

**''ရဲအဖွဲ့သည် ပြည်သူလူထု၏ မြင်ကွင်းတွင် အမြဲမြင်တွေ့နေရသော အဖွဲ့ဖြစ်လေသည်။ ပြည်သူလူထုနှင့် ဆက်ဆံရာတွင် ကျွန်ုပ်တို့သည် ရာထူးမာန၊ ဝတ်စုံ၏ အသွေးအရောင်မာနကိုအစွမ်းကုန်ချိုးနှိမ်ကာ ဆက်ဆံရန် အရေးကြီးပေသည်။ ရဲနှင့်ပြည်သူ မည်သို့ဆက်ဆံသင့်သည်၊ မည်သို့ဆက်ဆံမှသာ လူထုက ရဲကိုယုံကြည်ကိုးစားမည်ဆိုသည်ကို ဆန်းစစ်၍ ၄င်းမှရရှိသောအဖြေနှင့်အညီ လက်တွေ့လုပ်ဆောင်ခြင်းသည် အခြေခံဆက်ဆံနည်းပင်ဖြစ်သည်။ သို့သော် ဥပဒေဘောင်အတွင်းမှ ဥပဒေနှင့်ကိုက်ညီသော ဆောင်ရွက်ချက်သည် အခြေခံဆက်ဆံနည်းသစ်ကို အကျိုးသက်ရောက်စေရာတွင် ဟန့်တားမှု၊ ချွတ်ချော်မှု ဖြစ်နိုင်မဖြစ်နိုင်ကို သတိကြီးစွာထားရပေမည်။ တရားခံတိုင်းသည် လူဆိုးမဟုတ်ကြပေ။ သို့ဖြစ်၍ တရားလိုဖြစ်စေ၊ တရားခံဖြစ်စေ မိမိတို့ထံရောက်လာရာတွင် ဥပဒေကိုမထိပါးစေဘဲ ယဉ်ကျေးစွာပြောဆိုမေးမြန်းဆက်ဆံရန်မှာ အဓိကအချက်ဖြစ်ပေသည်ဟု ဖော်ပြထားခြင်း**ကို ကြည့်ခြင်းဖြင့် ရဲနှင့်ပြည်သူတို့၏ ဆက်ဆံမှုပုံစံကို ပြောင်းလဲရန် ထိုစဉ်ကပင် ကြိုးပမ်းခဲ့ကြောင်း ထင်ရှားသည်။

**အဆိုပါစီမံကိန်းနှင့်စပ်လျဉ်း၍ ၁၉၆၁ ခုနှစ်စက်တင်ဘာလ ၁၉ ရက်နေ့က ပြုလုပ်ခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ်၏ သတင်းစာကွန်ဖရင့်တွင် မြန်မာပြည်ရဲအဖွဲ့ကြီးကို ခေတ်မီရဲအဖွဲ့ကြီးအဖြစ် ပြုပြင်တည်ဆောက်ရန် လေးနှစ်စီမံကိန်းရေးဆွဲထားပုံကို နိုင်ငံတော်ရဲချုပ်က တင်ပြခဲ့သည်။ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း ရဲအဖွဲ့ကြီး၏ အကောင်းအဆိုးကို ဖန်တီးနိုင်သူများမှာ ရဲအဖွဲ့ဝင်များ ကိုယ်တိုင်သာလျှင်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးနှင့်တကွ လိုအပ်သည့် အကူအညီမှန်သမျှကို နိုင်ငံတော်အစိုးရက အစွမ်းကုန်ပေးအပ်ကူညီမည်ဖြစ်ကြောင်းပါ ထုတ်ဖော်ပြောဆိုခဲ့သည်။** ထိုစီမံကိန်း၏ အနှစ်သာရဖြစ်သောရာဇဝတ်မှုများ ကျဆင်းရေးနှင့်တကွရဲနှင့်ပြည်သူကြည်ဖြူရေး ရည်မှန်းချက်များ အောင်မြင်ရမည်ဟု ထိုစဉ်က မျှော်မှန်းဆောင်ရွက်ခဲ့ကြသည်။

**တော်လှန်ရေးကောင်စီအစိုးရခေတ်**

သို့သော် စီမံကိန်းဆောင်ရွက်နေဆဲကာလ၌ပင် ခေတ်စနစ်ပြောင်းသွားခဲ့သဖြင့် စီမံကိန်းမှာ တစ်ခန်းရပ်သွားခဲ့ရသည်။ တော်လှန်ရေးအစိုးရခေတ် ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်တွင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းက လုံခြုံရေးကိုတပ်မတော်မှ တာဝန်ယူမည်ဖြစ်ပြီး ရဲတပ်ဖွဲ့က ရဲလုပ်ငန်းသက်သက်သာ ဆောင်ရွက်ရန် မိန့်ကြားခဲ့သဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ပြည်သူ့ရဲတပ်ဖွဲ့ (People's Police Force) ဟု ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ပြောင်းလဲသတ်မှတ်ခဲ့သည်။ ပြည်ထောင်စုရဲတပ် (UC)များကို ၁၉၆၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ဖျက်သိမ်းခဲ့ပြီး ယင်းနှင့်ပတ်သက်သော စာရွက်စာတမ်းများနှင့် အရာရှိ၊ အခြားအဆင့် ၉၅၈၁ ဦးကို ကာကွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့သည်။

**မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်**

၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် အစိုးရခေတ်တွင် အုပ်ချုပ်ရေးစနစ်သစ်အတွင်း ပြုပြင်ဖွဲ့စည်းခဲ့သော ပြည်သူ့ရဲတပ်ဖွဲ့သည် ဆိုရှယ်လစ်စီးပွားရေးစနစ်ကိုကာကွယ်စောင့်ရှောက်ရန်၊ ထိုကာလရှိ ပါတီကောင်စီအဆင့်ဆင့်၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ရဲလုပ်ငန်းများကို ထမ်းဆောင်ခဲ့ရသည်။ ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ရဲတပ်ဖွဲ့ဌာနချုပ်တွင် မူးယစ်တားဆီးရေးဌာနကို ဖွဲ့စည်းပြီး မူးယစ်တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ထမ်းဆောင်စေခဲ့သည်။ နယ်မြေရဲအပြင် လုံခြုံမှုထိန်းသိမ်းရေး တပ်ရင်း(လုံထိန်း) ၅ရင်းနှင့် ကွပ်ကဲမှုအဖွဲ့ကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ၁၉၈၈ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့တွင် အဆိုပါတပ်များကို ဆူပူနှိမ်နင်းရေးရဲတပ်ရင်းအမည်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။ ၁၉၈၈ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် ပြည်သူ့ရဲတပ်ရင်းဟု အမည်ပြင်ဆင်သတ်မှတ်ခဲ့သည်။ ထိုတပ်ရင်းများ၏အဓိကတာဝန်မှာ အထွေထွေလုံခြုံရေးတာဝန်များ ထမ်းဆောင်ရန်ဖြစ်သည်။ ။

---

**အမည်ပြောင်း**

ဦးချင်စွိ၏သား ပဲခူးတိုင်းဒေသကြီး (အနောက်) အလက မင်းလှမြို့ ဆဌမတန်း၌ ပညာသင်ယူနေသော မောင်အောင်ဖြိုးလင်းအား မောင်ဟိန်းထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

**ပျောက်ဆုံးကြောင်း**

Shwe Taung Cement Co.,Ltd. ပိုင်ဆိုင်သော ထုတ်ကုန်/သွင်းကုန်လိုင်စင် 25045 (07-12-10) မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၁-၈၆၀၃၃၄၄

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ဃ/၄၆၁၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ် ၁၆၀၀ အမည်ပေါက် ဦးအေးမင်း၏ မြေကွက်ကို လက်ရှိဝယ်ယူ ပိုင်ဆိုင်သူ ဒေါ်လှလှဌေး ၁၂/လသန(နိုင်)၀၁၃၆၃၇ က မြေကွက်စလစ်မူရင်းနှင့် အရောင်းအဝယ်စာချုပ်မူရင်းများတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂) မြေနှင့်အခွန်ဌာနခွဲ
မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

**ပျောက်ဆုံး**

ကျွန်မ မခင်အတာမိုး ၇/တငန(နိုင်) ၁၀၆၃၂၄၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၂၀၅၄၀၈၉

**ဖခင်အမည်မှန်**

လှိုင်ကော်မြို့၊ အလက(၁)ခွဲကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မပြည့်ဖြိုးလှိုင်၏ ဖခင်အမည်မှန်မှာ ဦးစိန်ဝင်းမောင် ဖြစ်ပါကြောင်း။

ဦးစိန်ဝင်းမောင်

**အမည်ပြောင်း**

တောင်ကြီးမြို့၊အထက(၃)၊တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်သန်းထိုက်အောင်အား မောင်သန်းထိုက်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။ မောင်သန်းထိုက်နိုင်

**ဖခင်အမည်မှန်**

တောင်ကြီးမြို့၊အထက(၃)၊တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်သန်းထိုက်နိုင်၏ ဖခင်အမည်မှန်မှာ ဦးဇော်လေးဖြစ်ပါကြောင်း။ ဦးဇော်လေး

**ပျောက်ဆုံးကြောင်း**

ကျွန်မ မဟွေချင် ၁၃/တကန(နိုင်) ၁၂၉၇၅၃၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၂၁၅၇၉၁

**ဖခင်အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အထက ရေစို-မငေးစု၊ တက္ကသိုလ်ဝင်တန်း(A)မှ စောစိုးအာကာဦး၏ ဖခင်အမည်မှန်မှာ ဦးဝါးလေး ၁၄/ညတန(နိုင်) ၁၄၆၅၇၀ဖြစ်ပါသည်။ ဦးဝါးလေး

**မခိုင်ဇင်လင်း ၁၂/ဒဂတ(နိုင်)၀၇၇၇၀၈နှင့် အများပြည်သူသိစေရန်ကြေညာခြင်း**

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ခင်လတ် ၁၂/မဂဒ(နိုင်)၀၀၉၃၈၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ-

ဦးအောင်ခင်လတ်သည် မခိုင်ဇာလင်းအား အမွေစားအမွေခံကိတ္တိမသားသမီးအဖြစ်မည်သည့်အခါကာလကမျှ စာချုပ်စာတမ်းများဖြင့် တရားဝင်မွေးစားခြင်းမရှိခဲ့ပါ။ ၎င်း၏ အတိဒုက္ခအခက်အခဲဖြစ်နေသော လူမှုရေးအခက်အခဲများကို သနားငဲ့ညာသောအားဖြင့် လူမှုရေးအရ ကူညီစောင့်ရှောက်ခဲ့ခြင်းသာဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ အခြေပစ္စည်းအိမ်ခြံမြေများဖြစ်သော ရန်ကုန်မြို့၊ ဒဂုံတောင်၊ ယုဇနလမ်း၊ အမှတ် ၉၇၄(ခ)၊ (၂၅)ရပ်ကွက်ရှိ နေအိမ်နှင့် အမှတ် ၉၉၁(က)၊ စည်ပင်လမ်း (၂၅)ရပ်ကွက်၊ (ဒဂုံတောင်)အမည်ရှိသော အိမ်ခြံမြေများနှင့်ပတ်သက်၍ မခိုင်ဇင်လင်း၊ ဒေါ်ဌေးဌေးအောင်နှင့် လုံးဝသက်ဆိုင် ပတ်သက်ခြင်း၊ ဆိုင်ရေးဆိုင်ခွင့်မရှိပါဘဲလျက် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ခင်လတ်နှင့် လက်ရှိမိသားစုဝင်တို့၏ ဂုဏ်သိက္ခာကျဆင်းအောင် သွားပုတ်လေလွင့် လီဆယ်လှုံ့ဆော်ဝါဒဖြန့် ပြုမူဆောင်ရွက်ချက်များကို ဤကြေညာသည့်ရက်မှစ၍ ရပ်တန့်ပါရန်နှင့် ထိုသို့ဆက်လက်ပြုလုပ်နေပါက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တရားစွဲဆို အရေးယူဆောင်ရွက်သွားရန် ကျွန်ုပ်အား ဦးခင်အောင်လတ်မှ လွှဲအပ်ညွှန်ကြားထားပြီးဖြစ်ပါကြောင်းနှင့် နောက်နောင်တွင် မခိုင်ဇာလင်းနှင့် ပတ်သက်သည့်ကိစ္စအဝဝသည် ကျွန်ုပ်မိတ်ဆွေ ဦးအောင်ခင်လတ်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိသည့်အပြင် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဦးအုန်းညွန့် LL.B` (ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ(၈၂၁၆)
ဖုန်း-၀၉-၄၃၁၈၃၉၈၇၊ ၀၉-၂၅၀၁၃၇၇၄၀
အမှတ် ၁၅၃၆၊ သီရိရွှေတောင်လမ်း၊ (၆၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့

**သွေးသည် အသက်**



## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

*စာမျက်နှာ ၆ မှ*

COE ကို မြင်သာသည့် ဈေးပြိုင်စနစ် (Open Bidding System)အရ ပြုလုပ်သောကြောင့် လက်ရှိပြေးဆွဲနေသည့် ကားအရေအတွက်၊ ဖျက်သိမ်းမည့်အရေအတွက်စသည်တို့အပေါ် မူတည်ပြီး လိုအပ်သည့်အရေအတွက်သာ ချမှတ်ပေးနိုင်ရေး COE ဈေးနှုန်းအနိမ့်အမြင့်ဖြင့် ထိန်းကျောင်းလေ့ရှိသည်။

ရန်ကုန်မြို့အတွက်မူ အခြေခံအဆောက်အအုံများ တည်ဆောက်ပြုပြင်နေရသည့် ကာလဖြစ်သည့်အတွက် လမ်းချဲ့ခြင်း၊ ခုံးကျော်တံတား ဆောက်လုပ်ခြင်း၊ လမ်းသွယ် လမ်းမြောင်များ သွားလာနိုင်အောင် ပြုလုပ်နေသည့် ကာလဖြစ်၍ အချို့လမ်းများပို၍ကျပ်သည်။ လက်ရှိ ရန်ကုန်မြို့အသုံးပြုနိုင်သော လမ်းအရေအတွက်နှင့် အကျယ်အဝန်းအရ ဝင်ဆံ့နိုင်သည့် ကားအရေအတွက် မည်မျှရှိရမည်ဆိုသည်ကို စနစ်တကျ လေ့လာဆန်းစစ်ပြီး ရန်ကုန်မြို့အတွင်း ရှိသင့်သည့်ကားအရေအတွက် (Optimum Number of Motorcar)ရှိရေး လုပ်ဆောင်နိုင်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း အသုံးပြုမည့် ကားအသစ်များ ဝယ်ယူတင်သွင်းနိုင်ရေး ကားထားမည့်နေရာ ( Parking Area )ကိုပါ ပူးတွဲဖော်ပြစေခြင်း၊ နယ်ကားများ ရန်ကုန်တွင် အချိန်ကာလတစ်ခုထက်ပို၍ ခွင့်မပြုခြင်းတို့ကိုလည်း အာဏာပိုင်များက လုပ်ဆောင်နိုင်သည်။ ထို့အတူ နည်းပညာကို အခြေပြုပြီး မီးပွိုင့်များတွင် VCD Cameraများအပြင် အလိုအလျောက် စိစစ်အကဲဖြတ်မှု (Censoring) လုပ်နိုင်သည့် စနစ်ကိုလည်း လောလောဆယ် ငွေကြေးနှင့် နည်းပညာ မပြည့်စုံသေး၍ ချက်ချင်း မလုပ်နိုင်သော်လည်း နောင်တစ်ချိန် ဖြစ်နိုင်သည်။

**ချက်ချင်းလုပ်ဆောင်သင့်သည့် နည်းလမ်းများ**

ရန်ကုန်ကားကျပ်မှုကို လျော့နည်းစေရန် လက်ငင်းလုပ်ဆောင်သင့်သည့် နည်းလမ်းများတွင် လက်ရှိတည်ဆောက်နေသည့် ခုံးကျော်တံတား စီမံကိန်းများ ဦးစားပေးရမည်ဖြစ်သလို ကားပါကင်နေရာများ တည်ဆောက်ရေး အထူးဦးစားပေးရမည်ဖြစ်သည်။ သို့မှသာ လမ်းများပေါ်တွင် ကားရပ်နားမှုကိုဖြေရှင်းနိုင်မည်ဖြစ်သည်။ ပို၍အရေးကြီးသည်မှာ ကားကျပ်မှုကြောင့် အခြေခံလူတန်းစားနှင့် လူအများကို မထိခိုက်စေရန် မြို့ပတ်ရထားပို့ဆောင်ရေး ယခုထက် ရထားစီးရေ များများဖြင့် တိုးချဲ့ပို့ဆောင်နိုင်ရေး ဆောင်ရွက်ရတော့မည်ဖြစ်သည်။ လမ်းဆုံလမ်းခွ၊ လမ်းခွဲနေရာတိုင်း ယာဉ်ထိန်းရဲများ လိုသလို ကားစီးရေနှင့် ယာဉ်ထိန်းရဲမျှတစေရန် စီမံသင့်သည်။

**မြှင့်တင်ရတော့မည့် ကျင့်ဝတ်နှင့် စည်းကမ်း**

ရန်ကုန်ကားကျပ်မှု၏ အခြေခံအကြောင်းအရင်းတစ်ရပ်မှာ ကျင့်ဝတ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု အားနည်းနေမှုပင်ဖြစ်ပြီး ကားမောင်းသူများ၊ လမ်းဖြတ်ကူးသူများ၊ ကားစီးသူများ၊ လမ်းဘေးဈေးသည်များ၊ ကားလမ်းပေါ်တွင် ကားရပ်မှုများအားလုံး အကျုံးဝင်သည်။ အထူးသဖြင့် ဘတ်စ်ကား၊ Taxi မောင်းသူများ သတ်မှတ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အပြည့်အဝလိုက်နာလျှင် ကားကျပ်မှုပြဿနာ အတိုင်းအတာတစ်ခုအထိ ဖြေရှင်းနိုင်မည် ဖြစ်သည်။ ထို့အပြင် ကားမောင်းသူများရော၊ ကားစီးသူများပါ လမ်းပေါ်ကွမ်းတံတွေးထွေးမှု၊ ကားပေါ်မှ အမှိုက်ပစ်ချမှု၊ ကားလမ်းကြောဖြတ်ဝင်မှု၊ ဟွန်းတီးမှု အမြန်ဆုံးပပျောက်အောင် ဝိုင်းဝန်းလုပ်ဆောင်ရတော့မည်။ တစ်နေ့တခြား တိုးပွားလာသည့် နိုင်ငံခြားသား လည်ပတ်သူများ လာရောက်နေချိန် အဆိုပါ စည်းကမ်းနှင့် ကျင့်ဝတ်လူတိုင်းလိုက်နာမှသာ မြန်မာလူမျိုးတို့၏ ဂုဏ်သိက္ခာမြှင့်တင်နိုင်မည် ဖြစ်သည်။ ရန်ကုန်မြို့နေလူထု၏ လမ်းအသုံးပြုမှုနှင့်ပတ်သက်၍ ကျင့်ဝတ်နှင့်စည်းကမ်း ယခုထက် ပိုမိုမြှင့်တင်နိုင်ရေး တစ်ဦးချင်းစီမှစ၍ အပြုသဘောဖြင့် ဝိုင်းဝန်းလုပ်ဆောင်ရန် လိုအပ်နေပြီဖြစ်သည်။

အချုပ်ဆိုရသော် ရန်ကုန်ကားကျပ်မှုလျော့နည်းစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် အခြေခံအဆောက်အအုံများဖြစ်သည့် ကားရပ်နားစခန်းများ၊ လမ်းချဲ့ထွင်ခြင်း၊ ခုံးကျော်တံတားတည်ဆောက်မှုများကို အထူးဦးစားပေး အစီအစဉ်များဖြင့် တည်ဆောက်ပြုပြင်ရမည် ဖြစ်သလို နိုင်ငံတကာကဲ့သို့ လူအများ၏ သွားလာရေးကို အဓိက တာဝန်ယူပို့ဆောင်ပေးမည့် မြို့ပတ်ရထားပြေးဆွဲမှုကို အမြန်ဆုံး တိုးချဲ့ရတော့မည်ဖြစ်သည်။ ထို့ပြင် လမ်းဘေးဈေးသည်များ စနစ်တကျ နေရာချထားနိုင်ရေး၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များတွင် ကျောင်းသားတစ်ဦး ကားတစ်စီး ကြိုပို့လုပ်နေမှုကို ကျောင်းဘတ်စ်ကား (School Bus) သို့မဟုတ် ဖယ်ရီ (Ferry )ဖြင့် အမြန်ဆုံး အစားထိုးရေး၊ လမ်းကြိုလမ်းကြားများ ကားသွားလာနိုင်အောင် လုပ်ဆောင်ရေး၊ ရန်ကုန်တွင် အသုံးပြုမည့်ကားများအတွက် ကန့်သတ်မှုများ၊ စီမံချက်များအပြင် စည်းမျဉ်းစည်းကမ်း ဖောက်သူများကိုလည်း ထိရောက်သည့်အရေးယူမှုများ၊ လုပ်ဆောင်မှုတိုင်း မြင်သာထင်သာရှိစေရန် ပုဂ္ဂလိက လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့် ပေါင်းစည်းလုပ်ကိုင်သင့်ပေသည်။

အရေးကြီးဆုံး ပြင်ဆင်ရမည့်အချက်မှာ ကားလမ်းအသုံးပြုသူများ၊ ယာဉ်မောင်းများ၊ ကားစီးသူများ အသိစိတ်ဓာတ်မြင့်မားရေး၊ ကျင့်ဝတ်နှင့်စည်းကမ်း တိတိကျကျလိုက်နာဆောင်ရွက်ရေး အထူးအရေးကြီးပါသည်။ စီးပွားရေးမြို့တော် ရန်ကုန်ကားကျပ်သည့် ပြဿနာအား နိုင်ငံတော်၊ တိုင်းဒေသကြီး၊ အရပ်ဘက် အဖွဲ့အစည်းများ အပါအဝင် ပြည်သူများအားလုံး ပူးပေါင်းဖြေရှင်းမှသာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ ॥

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁-၁၀-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၁၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၁၀၀၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၂၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၄၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၈၀၀-၄၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၃၂၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၆၇၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၃၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၈၀၀-၆၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၂၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၀၀၀-၉၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၇၀-၉၇၃ |
| ဥရောပ | တစ်ယူရို | ၁၃၃၅-၁၃၄၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၉-၇၈၆ |
| ထိုင်း | တစ်ဘတ် | ၃၁.၂-၃၂.၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၂၃ |
| တရုတ် | တစ်ယွမ် | ၁၆၀-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၇-၃၁၂ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| မိုးဆန်(ဧည့်သည်အသစ်) | တစ်အိတ် | ၁၆၅၀၀-၁၆၈၀၀ |
| ပေါ်ကျွဲ (အသစ်) | တစ်အိတ် | ၂၂၅၀၀-၂၃၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၉၀၀-၃၃၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၃၈၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၉၅ |
| ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၁၈၅-၅၀၀ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၂၀၀-၁၇၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၄၀၀-၁၄၂၅ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၄၃၀-၇၅၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၄၀၀-၂၄၅၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၄၁၀၀-၅၀၀၀ |
| သကြား | တစ်ပိဿာ | ၈၇၀-၈၉၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။



ပဲခူးမြို့ ဗုဒ္ဓအသံမွေ့ဗိမာန်တော်ကြီးတွင်အောက်တိုဘာ ၁ ရက်က အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်းနှင့်ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက အဘိုးအဘွားများအား ဩကာသအစချီကန်တော့စဉ်။

သန့်စင်(ပဲခူး)

## ဆည်မြောင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်သီးသန့်ရန်ပုံငွေဖြင့် ပန်းလှိုင်မြစ် ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် မြေကြီးလုပ်ငန်း ဆောင်ရွက်မည့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါပုံစံထုတ်ယူနိုင်သည့်ရက်** | - | ၁-၁၀-၂၀၁၄ ရက် |
| **နောက်ဆုံးတင်သွင်းရမည့်ရက်** | - | ၂၁-၁၀-၂၀၁၄ ရက်၊ ညနေ ၄း၃၀နာရီ |
| **တင်ဒါဖွင့်မည့်ရက်** | - | ၃၁-၁၀-၂၀၁၄ ရက် နံနက် ၁၀း၀၀နာရီ |
| **နေရာ** | - | ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး (၁) ဆည်မြောင်းဦးစီးဌာန၊ လှည်းကူးမြို့၊ |

တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းဆိုင်ရာ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၁-၆၂၉၀၂၉၊ ၀၉-၄၂၁၁၆၈၀၆၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**

**မိဘ အမည်မှန်**

ဘားအံမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်ထူးကိုကိုစိုး၏ မိခင်အမည်မှန်မှာ ဒေါ်နန်းဂျဲနေဖြစ်ပါသည်။

**ဒေါ်နန်းဂျဲနေ**

## ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉၄)၊ မြေကွက်အမှတ် (၁/ခ[B])၏ တစ်စိတ်တစ်ဒေသ (၁/ခ[B]-၃၀)၊ မြေကွက်တည်နေရာအမှတ် (၇၁၈/A)၊ ဗိုလ်တေဇလမ်း၊ အင်းစိန်၊ မြေဧရိယာ ၂၉ ဒသမ ၅၃၆ ဧက၏တစ်စိတ်တစ်ဒေသ မြေအကျယ်အဝန်း ၀ ဒသမ ၁၁၆ ဧကအမည်ပေါက်ရှာမြေ(အောင်စေတီဂရန်ပေးရေးစီမံချက်) အား ဒေါ်ပန်းပပ ၁၂/အစန(နိုင်)၀၅၄၇၂၇ မှအရပ်ကတိအရောင်းအဝယ်စာချုပ်တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်မြို့၊ အထက (၃) ဗဟန်း တက္ကသိုလ်ဝင်တန်း(A)မှ ဦးဝင်းနိုင်၏ သမီးမရတနာလင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၆-၇-၉၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ထန်းတပင်မြို့နယ် (ရေစိုမငေးစု) အထက တက္ကသိုလ်ဝင်တန်း (B)မှ မောင်သောင်းထိုက်စံ၏ ဖခင်အမည်မှန်မှာ ဦးမင်းကျော် ၁၄/လပတ(နိုင်)၁၀၀၇၁၂ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ဒေါ်ရွှေရွှေနောင် ပိုင်မော်တော်ယာဉ်အမှတ်(7H-9862) Honda Fit က.န.ဦး စာရွက်များသွင်းကုန်ပါမစ် Isp IDV8 14-15 33293-13/08/14 Customs Statement မူရင်း ID-759392 များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၀၃၃၄၁၇**



## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် လွှတ်တော်ဝင်းအတွင်း အသစ်ဆောက်လုပ်မည့် ဝန်ထမ်းအိမ်ရာများအတွက် အောက်ဖော်ပြပါလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်း၍ ဖိတ်ခေါ်အပ်ပါသည်။

(က) ၁၁ ကေဗွီ ကောင်းကင်ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာ တည်ဆောက်ခြင်းလုပ်ငန်းများ -1 item

(ခ) ၄၀၀ ဗို့ကောင်းကင်ဓာတ်အားလိုင်းတည်ဆောက်ခြင်းနှင့် လမ်းမီးများတပ်ဆင်ခြင်းလုပ်ငန်းများ -1 item

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃-၁၀-၂၀၁၄ ရက်

၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၁၀-၁၀-၂၀၁၄ရက်

၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်**

(က) **ကုမ္ပဏီဆိုင်ရာအချက်အလက်များနှင့် စံချိန်စံညွှန်းစာအိတ်** - ၁၇-၁၀-၂၀၁၄ရက်

(ခ) **ဈေးနှုန်းတင်သွင်းလွှာစာအိတ်** - ၂၂-၁၀-၂၀၁၄ရက်

၅။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၄-၁၀-၂၀၁၄ရက် မွန်းလွဲ ၁၃း၀၀နာရီ

၆။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၃-၁၀-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်ဦးစီး၊**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၇၀၇၉**

## ပြည်သူ့လွှတ်တော်ရုံး
## ပရိဘောဂပစ္စည်းများဝယ်ယူရန်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပြည်သူ့လွှတ်တော်ရုံးတွင် အသုံးပြုရန်လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ ရုံးသုံးပရိဘောဂ ၁၅ မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (၁) | အရာရှိကြီးစားပွဲ (6'x4'x2.6") | ၇ လုံး |
| (၂) | အရာရှိလတ်စားပွဲ (5'x3'x2.6") | ၆၃ လုံး |
| (၃) | အရာရှိငယ်စားပွဲ (5'x3'x2.6") | ၉၃ လုံး |
| (၄) | ဒုတိယဦးစီးမှူးစားပွဲ (5'x3'x2.6") | ၉၄ လုံး |
| (၅) | စာရေးစားပွဲ (4'x2.6"x2.6") | ၁၃၂ လုံး |
| (၆) | ကွန်ပျူတာစားပွဲ | ၆၇ လုံး |
| (၇) | ကွန်ပျူတာကုလားထိုင် | ၆၇ လုံး |
| (၈) | အရာရှိကြီးကုလားထိုင် | ၇ လုံး |
| (၉) | အရာရှိလတ်ကုလားထိုင် | ၆၃ လုံး |
| (၁၀) | အရာရှိငယ်ကုလားထိုင် | ၉၃ လုံး |
| (၁၁) | စာရေးကုလားထိုင် | ၉၄ လုံး |
| (၁၂) | မီးခံသေတ္တာ | ၄ လုံး |
| (၁၃) | ဖိုင်တင်စင် | ၁၅၉ လုံး |
| (၁၄) | စာတွဲတင်စင် | ၁၈ လုံး |
| (၁၅) | သံဗီရို | ၆၉ လုံး |

| | | |
|---|---|---|
| **တင်ဒါပုံစံများရောင်းချမည့် ရက်/အချိန်** | - | ၁၃-၁၀-၂၀၁၄ ရက်မှ ၁၇-၁၀-၂၀၁၄ ရက်အထိ ၁၀ နာရီမှ ၁၆ နာရီထိ |
| **တင်ဒါပိတ်မည့်ရက်/အချိန်** | - | ၁၇-၁၀-၂၀၁၄ ရက်မှ ၁၆း၃၀ နာရီ |
| **တင်ဒါပုံစံများရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** | - | ရုံးအမှတ် ၂၀၊ လွှတ်တော်ရုံး နေပြည်တော် |

၂။ အိတ်ဖွင့်တင်ဒါပုံစံတစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ၀၆၇-၅၉၁၁၇၆ နှင့် ၀၆၇-၅၉၁၂၅၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**
**ပြည်သူ့လွှတ်တော်ရုံး**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် စိုးဇော်ရှိန် CCC-66775 သည် သင်္ဘောသားလက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၀၁၆၈၁၅**

※ ရှေ့ဖုံးမှ

၁ ရက်တွင် စတင်ခဲ့ခြင်းကြောင့် သီလဝါ အထူးစီးပွားရေးစက်မှုဇုန်သို့ ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ ပိုမိုဝင်ရောက်လာနိုင်ပြီဖြစ်သည်။

"ကျွန်တော်တို့နိုင်ငံမှာ စတော့အိတ်ချိန်းလုပ်ဆောင်ဖို့ လိုအပ်ချက်တွေရှိနေပါသေးတယ်။ အဲဒီတော့ ရှယ်ယာတွေ အရောင်းအဝယ်ပြုလုပ်ဖို့အတွက် လိုအပ်တဲ့စနစ်အဖြစ် အိုတီစီ(Over the Counter) စနစ်ကို ရွေးချယ်ပြီး ရှယ်ယာတွေဝယ်ယူခြင်း၊ ရောင်းချခြင်းနဲ့ လွှဲပြောင်းခြင်းတွေကို ပွင့်လင်းမြင်သာစွာနဲ့ အောက်တိုဘာ ၁ရက်ကစတင်ပြီး ဆောင်ရွက်ပါတယ်"ဟု အဆိုပါအများပိုင်ကုမ္ပဏီလီမိတက်၏ ဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောကြားသည်။

မြန်မာနိုင်ငံရှိ အထူးစီးပွားရေးဇုန်များတွင် သီလဝါအထူးစီးပွားရေးဇုန်သည် ပြည်ပရင်းနှီးမြှုပ်နှံသူများ စိတ်အဝင်စားဆုံးသော စက်မှုဇုန်တစ်ခုဖြစ်ပြီး မြေဧရိယာဟက်တာ ၂၄၀၀ပေါ်တွင် လုပ်ငန်းလည်ပတ်ခွင့်ရရှိရန် အခြေခံအဆောက်အအုံ တည်ဆောက်ရေးများကို တည်ဆောက်ရာ ခြောက်လအတွင်း အခြေခံမြေညှိခြင်းနှင့် အကြမ်းထည်များ ပြီးစီးနိုင်မည်ဟု ခန့်မှန်းထားကြသည်။

လက်ရှိတွင် ဂျပန်နိုင်ငံအခြေစိုက် ကုမ္ပဏီပေါင်း ခြောက်ခုနှင့် ထိုင်းနိုင်ငံအခြေစိုက်လုပ်ငန်းစုတစ်ခုက မြေဧရိယာဟက်တာပေါင်း ၂၃ ဟက်တာကျော်တွင် စက်ရုံတည်ဆောက်ရန် ဆောင်ရွက်နေကြပြီဖြစ်ပြီး အခြားနိုင်ငံများမှ လုပ်ငန်းရှင်များကလည်း တည်ဆောက်ရေးလုပ်ငန်းများကို စတင်နေပြီဖြစ်သည်။

သီလဝါ အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အစုရှယ်ယာများအား မည်သူမဆို ပါဝင်ဝယ်ယူနိုင်ရန်အတွက် တစ်စုလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ရှယ်ယာနှစ်သန်းခန့်ရောင်းချပေးခဲ့ပြီး စတော့ရှယ်ယာဈေးကွက် မလည်ပတ်နိုင်ခင်အထိ အိုတီစီစနစ်ဖြင့် ဝယ်ယူ၊ ရောင်းချ၊ လွှဲပြောင်းနိုင်မည်ဖြစ်ကြောင်း ဦးဝင်းအောင်ထံက သိရသည်။

သီလဝါ အထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုများတွင် ဂျပန်နိုင်ငံမှ အများဆုံးရင်းနှီးမြှုပ်နှံထားပြီး မြန်မာနိုင်ငံ၊ အမေရိကန်နှင့် ဆွီဒင်၊ တရုတ်နိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံမှုအနည်းငယ်နှင့် ထိုင်ဝမ်နှင့် ထိုင်းနိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံမှုများလည်း တိုးပွားနေကြောင်း သိရသည်။

လက်ရှိတွင် စက်မှုဇုန်မြေများကို အကောင်အထည်ဖော်ရာတွင် သဘောတူညီမှုရရှိပြီး လုပ်ငန်းဆောင်ရွက်ရန် အလားအလာရှိသည့် မြေဟက်တာပေါင်း ၂၀၀ နီးပါးရှိနေပြီး လာရောက်လေ့လာစုံစမ်းသည့် လုပ်ငန်းစုစုပေါင်း ၃၀၀ နီးပါးခန့်ရှိလာပြီဖြစ်ကြောင်း သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ သိရှိရသည်။

သီလဝါအထူးစီးပွားရေးဇုန်တွင် မြန်မာသီလဝါအထူးစီးပွားရေးဇုန်အများပိုင်လီမိတက်က စီမံကိန်းကြီး၏ ၄၁ ရာခိုင်နှုန်းခန့်နှင့် ဂျပန်နိုင်ငံအခြေစိုက် လုပ်ငန်းသုံးခုမှ ၃၉ ရာခိုင်နှုန်း၊ ဂျပန်အခြေစိုက် ဂျိုက်ကာအဖွဲ့အစည်းနှင့် မြန်မာနိုင်ငံတော်အစိုးရက ၁၀ရာခိုင်နှုန်းစီ ပိုင်ဆိုင်ထားကာ ပွင့်လင်းမြင်သာသည့် စက်မှုဇုန်တစ်ခုဖြစ်သည်။

ထို့အပြင် ရန်ကုန်မြို့သစ်စီမံကိန်း တည်ဆောက်မှုလုပ်ငန်းများ ရပ်ဆိုင်းသွားသဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်အများစုမှာ သီလဝါသို့ ပြန်လည်ခြေဦးလှည့်လာနိုင်ကြောင်းလည်း ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

## ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှု

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ တစ်ပတ်အတွင်း တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ဘိန်း ၁၀ မှု အလေးချိန် ၂၈ ဒသမ ၁၇၂၇ ကီလို၊ ဘိန်းဖြူ ၅၄ မှု အလေးချိန် ၈ ဒသမ ၄၁၉၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၄ မှု၊ ဆေးပြားအရေအတွက် ၅၄၇,၈၃၁ ပြား၊ အဆင့်နိမ့် ဘိန်း ၇ မှု၊ အလေးချိန် ၀ ဒသမ ၃၇၄၈ ကီလို၊ ဘိန်းဆီခဲ ၅ မှု၊ အလေးချိန် ၂ ဒသမ ၈၂၃၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့်နှစ်မှု ၃ ဒသမ ၄၆၃၆ ကီလို၊ အိုက်စ် ၁ မှု၊ အလေးချိန် ၃ ဒသမ၂၅၈၀ ကီလို၊ ဆေးခြောက် ၂ မှု အလေးချိန် ၀ ဒသမ ၈၄၅၅ ကီလို၊ ဘိန်းရည် ၁မှု ၀ ဒသမ ၁ လစ်တာ၊ အက်ဖီဒရင်း ၄ ဒသမ ၉ ကီလို၊ ကဖင်း ၀ ဒသမ ၀၃ ကီလို၊ ဆူဒိုအက်ဖီဒရင်းဆေးပြား ၁ မှု ဆေးပြားအရေအတွက် ၁၆၅၈၀၀၀ ပြား၊ အမှုပျက် ၁ မှု၊ အခြားမှု ၁ မှု၊ အမှုပေါင်း ၁၃၉ မှု ဖမ်းဆီးခဲ့ရာတွင် အမျိုးသားတရားခံ ၁၅၈ ဦး၊ အမျိုးသမီးတရားခံ ၂၆ ဦး စုစုပေါင်းတရားခံ ၁၈၄ ဦးတို့အား ဥပဒေအရ အရေးယူနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မွန်ပြည်နယ်ရဲတပ်ဖွဲ့ ရွှေရတုကျင်းပ

**မော်လမြိုင် အောက်တိုဘာ ၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၅၀) ပြည့်ရွှေရတုနှစ်ပတ်လည်နေ့ ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၅ နာရီက မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး ဓမ္မဗိမာန်၌ မော်လမြိုင်မြို့ မြစေတီစာသင်တိုက်(ရဲကျောင်း) ဆရာတော်အမှူးပြုသော ပင့်သံဃာကိုးပါးတို့အား မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေဝင်းနှင့် တပ်ဖွဲ့ဝင်များက ဆွမ်းနှင့်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နံနက် ၉ နာရီတွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်(၅၀) ပြည့် ရွှေရတုနှစ်ပတ်လည်နေ့အခမ်းအနားကို ဆက်လက်ကျင်းပသည်။



အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က အမှာစကားပြောကြားရာတွင် ရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ရာမှာ စွမ်းရည်(၄)ရပ်၊ စံ(၅)ရပ်နှင့်ပြည့်စုံရမည့်အပြင် ခိုင်မာသောသစ္စာတရား၊ တည်ငြိမ်သောစိတ်ဓာတ်၊ ဖြောင့်မတ်မှန်ကန်သောလုပ်ရပ်တို့ဖြင့် "ပြည်သူက လိုလားသောရဲ၊ နိုင်ငံတော်က လိုလားသောရဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့က လိုလားသော ရဲ" များဖြစ်အောင် ဆောင်ရွက်ရန်နှင့် ပြည်သူချစ်ပြီး နိုင်ငံ့ပုံရိပ်ကောင်းကို ဖော်ဆောင်နိုင်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်ကောင်းများအဖြစ်နှင့် ရှေ့ဆက်ရမည့်ရွှေရတုလွန်ကာလမှ စ၍ အနာဂတ်ခရီးလမ်းကို အားမာန်အပြည့်ဖြင့် ကြိုးစားလျှောက်လှမ်းကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီး မျိုးဆွေဝင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၅၀)ပြည့် ရွှေရတု အထိမ်းအမှတ် အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းကပေးပို့လာသော သဝဏ်လွှာအားဖတ်ကြားသည်။ ဆက်လက်၍ မွန်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်လွှတ်တော်ဒုဥက္ကဋ္ဌ ဦးငွေးလွင်နှင့် မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးတို့က မှုခင်းထူးချွန်ဆု၊ သင်တန်းထူးချွန်ဆု၊ လူမှုရေးထူးချွန်ဆု၊ ပညာရေး ထူးချွန်ဆုနှင့် တပ်ဖွဲ့ဝင်မိသားစု စိုက်ပျိုး/မွေးမြူရေး/နေအိမ်လိုင်းခန်း သန့်ရှင်းရေးဆုရ တပ်ဖွဲ့ဝင်များနှင့် လုပ်သားပြည်သူများအား ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။ **ကိုကိုသိန်း(မော်လမြိုင်)**

## စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၁၂သိန်း ပိုင်ရှင်မဲ့ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁**

စက်တင်ဘာ ၂၇ ရက်က မြောက်ဦးမြို့နယ် ရဲတပ်ဖွဲ့မှူးဦးစီး ရဲတပ်ဖွဲ့ဝင်များသည် မြောက်ဦးမြို့ ညောင်ပင်ဈေးရပ်ကွက် နန်းတော်ကုန်း(ပ)ထပ်၌ ဘောလုံးကန်ဆော့ကစားနေသော (၅)တန်း ကျောင်းသားများက ချုံပုတ်အတွင်း ဝါးခြင်းတောင်းဖြင့်ထည့်လျက် မသင်္ကာဖွယ်ရာပစ္စည်းများတွေ့ရှိကြောင်း သတင်းပေးချက်အရ ရွှေဟောင်းသုတေသနဦးစီးဌာနမှဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အတူ သွားရောက်စစ်ဆေးရာ ၄င်းဝါးခြင်းတောင်းအတွင်းမှ (၄ လက်မ× ၂ လက်မခွဲ)အရွယ် ပလတ်စတစ်ဖြင့်ထုပ်လျက် တစ်ထုပ်လျှင် WYစာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀စီပါ ၂၀၆ထုပ်၊ စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၄၁၂၀၀၀ပြား၊ (တစ်ပြားလျှင် ၃၀၀၀ နှုန်းဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၂၃၆၀၀၀၀၀၀ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိသဖြင့် မြောက်ဦးမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




ကြော်ငြာ


THADINGYUT
Value Offerings
CRYSTAL
EXECUTIVE CONDOMINIUM
FACILITIES
OFFICES & MARTS
SWIMMING POOL WITH SIDE DECK
GYMNASIUM
WATER LOUNGE
PARKING FOR EVERY UNIT
ADDITIONAL 20% GUEST PARKING
PASSENGER LIFT [ 2 ] NOS
CAR LIFT [ 1 ] NO
INTERNET [ FIBRE LINE ]
24 HR BACK UP GENERATOR
[ FOR LIFT & SECURITY ]
PRIVATE TRANSFORMER
FREEHOLD LAND
EARLY BIRD PROMOTION
Only On October > 10% Off [ For First - 10 Units ]
Only On November > 5% Off [ For Any Units ]
30 Months FLEXIBLE PAYMENT PLAN
PYI THAR YAR ST
WAIZAYANTAR RD
LAY DAUNGKAN RD
THANTHUMAR RD
REAL HOME
ECLION
SALES OFFICE 1
NO.001, BUILDING NO.(B), THANTHU MAR ROAD,
24 THUWANA BLOCK, THINGANGYUN TOWNSHIP.
TEL : +95 -1- 563737, +95-9-730 98007, 73098998
REAL HOME
SALES OFFICE 2
EAST HORSE RACE COURSE ROAD, TARMWE
TEL : +95 -9 -73489999, +95-1-8604483
ECLION

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# သီပေါ သီတင်းကျွတ်မီးထွန်းပွဲတော် စည်ကားမည်

**သီပေါ အောက်တိုဘာ ၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်လုံးကျွတ်(၁၁၉)ကြိမ်မြောက် သံဃာ့ဒါနဆွမ်းကြီးလောင်းလှူပွဲကို သီတင်းကျွတ်လပြည့်ကျော် ၃ ရက်နှင့် ၄ ရက် (အောက်တိုဘာ ၁၁ ရက်မှ ၁၂ ရက်)အထိ ရှေးရိုးရာယဉ်ကျေးမှုအစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ယခုနှစ် (၁၁၉) ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါနဆွမ်းကြီးလောင်းပွဲတော်တွင် သီတင်းကျွတ်လပြည့်ကျော် ၃ ရက် နံနက် အရုဏ်တက်တွင် မဟာမြတ်မုနိဗုဒ္ဓဆင်းတုတော်မြတ်အား ဗုဒ္ဓါဘိသေက မင်္ဂလာသဘင်အနေကဇာတင်ခြင်းနှင့် ဆွမ်းတော်ကြီးကပ်လှူခြင်း၊ သံဃာတော်တို့ကို အရုဏ်ဆွမ်းကပ်လှူခြင်း၊ ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ခြင်းနှင့် မွန်းတည့် ၁၂ နာရီမှစတင်၍ ရပ်ကွက်/ ကျေးရွာများ၊ ဌာနဆိုင်ရာများ၊ လူမှုရေး၊ဘာသာရေး အသင်းအဖွဲ့များ၏ အလှူပဒေသာပင်မျိုးစုံကို တံုစင့်ဘိုးဘိုးကြီးနန်းမှ မိုင်းပွန်လမ်းတစ်လျှောက် မဟာမြတ်မုနိဘုရားကြီးအထိ ရှမ်းရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီး၊ အမှုတ်များဖြင့် သယ်ယူပို့ဆောင်ကြမည် ဖြစ်ပြီး သီတင်းကျွတ်လပြည့်ကျော် ၄ ရက် နံနက်တွင် ဘုန်းတော်ကြီးကျောင်းပေါင်း ၈၀ တို့မှ ဝါဆိုရဟန်းသာမဏေ ၁၄၅၉ ပါးတို့ကို စာရေးတံမဲဖောက်၍ ဆွမ်းကြီး လောင်းလှူသွားမည်ဖြစ်သည်။

သီတင်းကျွတ်လဆန်း ၁၄ ရက်၊ လပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက်နေ့တို့တွင် တာဝတိံသာနတ်ပြည်မှ သင်္ကာသနဂိုရ်ပြည်သို့ သက်ဆင်းကြွမြန်းလာမည့် ဗုဒ္ဓရှင်တော်မြတ်ကို ဒေသခံတိုင်းရင်းသားများ အနေဖြင့် ရှေးရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက်ချိန် ဆန်ပွတ်(ခေါ်) သင်မုဒ်စင်ဘုရားကျောင်းဆောင်တွင် ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ သစ်သီး၊ ပန်းမန်၊ ရေချမ်း၊ ဆီမီးခွက်၊ အမွှေးတိုင်များနှင့် ဆက်ကပ်လှူဒါန်း၍ လည်းကောင်း၊ ညပိုင်းတွင် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းအသွင်ဆောင် လျှပ်စစ်ရောင်စုံမီးတို့ဖြင့် လည်းကောင်း ဦးခိုက်ပူဇော်ကြခြင်းဖြင့် သီတင်းကျွတ်မီးထွန်းပွဲတော်ကို ဆင်နွှဲကြမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



## သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲကျင်းပ

**တပ်ကုန်း အောက်တိုဘာ ၁**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဥပတ္ထမ္ဘကအဖွဲ့မှ ဦးဆောင်၍ တပ်ကုန်းမြို့ပေါ်ရှိ စာသင်တိုက်ကြီးများ၊ ဂေါစကံကျောင်းများ၌ ဝါဆိုဝါကပ်တော်မူကြသည့် ဆရာတော် သံဃာတော်များ၊ ဝါတွင်းကာလတွင် ဆွမ်းကိစ္စမပင်ပန်းစေဘဲ ဆွမ်းအထောက်အပံ့ဖြစ်စေခြင်းငှာ ရည်ရွယ်၍ မြို့မ(၆)ရပ်ကွက်မှ ဆွမ်းလောင်းအသင်းများသည် ဝါတွင်းကာလနေ့စဉ်အလှည့်ကျ သံဃာ့ဒါနဆွမ်းလောင်းပွဲများ ကျင်းပလျက်ရှိရာ စက်တင်ဘာနောက်ဆုံးပတ်က ကျောင်းတိုက်ပေါင်း ၃၀ ကျော်မှ သံဃာအပါး ၅၀၀ ကျော်ကို အောင်ဇေယျဆွမ်းလောင်းအသင်းက ဆွမ်း၊ ဘောဇဉ်များ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**(ဝ၂၁)**

# ကန်ရိပ်သာ မူလတန်းကြိုကျောင်း ဉာဏစွမ်းရည်ပြိုင်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန ကန်ရိပ်သာမူလတန်းကြိုကျောင်း၊ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် မိဘ အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ရိပ်သာ မူလတန်းကြိုကျောင်း၌ကျင်းပရာ မူလတန်းကြိုကျောင်းသား/ကျောင်းသူများက တစ်ဦးချင်းနှင့် အဖွဲ့လိုက်သီချင်းဆိုပြိုင်ပွဲ ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲများဖြင့် ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ ရန်ကင်းမူလတန်းကြိုကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်လှလှဝင်းက ကလေးများ ဖွံ့ဖြိုးမှုသိကောင်းစရာများ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် မူလတန်းကြိုကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးသောင်းက ကလေးများ ကစားခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုများကို ကျောင်းသားမိဘများအား အသိပညာပေးဟောပြောကြသည်။

ထို့နောက် ပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူလေးများကို လူမှုဝန်ထမ်း ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ လက်ထောက်တိုင်းဦးစီးမှူး ဒေါ်စန်းစန်းထွေး၊ ကန်ရိပ်သာမူလတန်းကြိုကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်စုရည်၊ ကျောင်းအကျိုးတော်ဆောင် နာယကနှင့်အမှုဆောင်များက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## သူနာပြုတက္ကသိုလ်(ရန်ကုန်)သို့ ဘုရားဆင်းတုတော်များလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က သူနာပြုတက္ကသိုလ် (ရန်ကုန်)သို့ ဘုရားဆင်းတုတော်များပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက ယင်းသူနာပြုတက္ကသိုလ်စုဝေးခန်းမ၌ ကျင်းပရာ အဖွဲ့နာယက ဒေါ်ခင်သက်ဌေးက ဘုရားဆင်းတုတော်များ လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဘုရားဆင်းတုတော် ၄၅ ဆူကို ခေတ္တပါမောက္ခချုပ် ဒေါက်တာဒေါ်မြတ်သန္တာထံပေးအပ်လှူဒါန်းခဲ့သည်။

**ကိုကြီးတင်**



# ကမ္ဘာလှည့်နိုင်ငံခြား ခရီးသွားဧည့်သည်များ မြန်အောင်မြို့တွင်း လှည့်လည်လေ့လာ

**မြန်အောင် အောက်တိုဘာ ၁**

ကမ္ဘာလှည့်ခရီးသွားနိုင်ငံခြားသားဧည့်သည်များသည် ကသာ ပန်းတော် (Katha Pandaw) မန္တလေး-ရန်ကုန် နိုင်ငံခြားခရီးသွားသင်္ဘောဖြင့် စက်တင်ဘာ ၂၈ ရက်က မြန်အောင်သို့ ရောက်ရှိ၍ မြန်အောင်မြို့မနေခြည်ဈေးကို လေ့လာကြသည်။ ထို့နောက် ဆိုက်ကားများဖြင့် လှည့်လည်ကြည့်ရှုကြပြီး အင်္ဂလိပ်ခေတ်လက်ထက် တည်ဆောက်ထားသော မြို့ပိုင်အိမ်ကို သွားရောက်လေ့လာကြသည်။ နိုင်ငံခြားခရီးသွားဧည့်သည်များမှာ ဩစတြေးလျနိုင်ငံမှ ၂၁ ဦးနှင့် ကနေဒီယမ်နိုင်ငံမှ တစ်ဦးဖြစ်ပြီး မန္တလေးမှ ရန်ကုန်သို့ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် လေ့လာရေးခရီးသွားကြခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**


**ဖခင်အမည်မှန်**

တန့်ဆည်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(ဒီ)မှ မောင်နိုင်မင်းထူး၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်ဆွေ ၅/ကဘလ(နိုင်)၁၀၇၂၈၆ ဖြစ်ပါသည်။
**ဦးတင်မောင်ဆွေ**

**ဖခင်အမည်မှန်**

အထက၊ နောင်ချို၊ ဆဋ္ဌမတန်း(B)မှ မောင်မြင့်မြတ်အောင်နှင့် အထက(ခွဲ) နောင်ချို တက္ကသိုလ်ဝင်တန်း(ခ)မှ မချိုဇင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးဆန်းဦးလွင် ဖြစ်ပါသည်။

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂ယ/၇၅၂၂၅ Jialing ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းလှိုင် ၅/စကန(နိုင်)၀၀၂၇၄၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၁၂ယ/၆၃၈၁၄ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းလှိုင် ၉/မသန(နိုင်)၀၉၀၆၂၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

**ဖခင်အမည်မှန်**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ မုရစ်ကလေးကျေးရွာ၊ အထက၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မဝင့်ဝါဖြိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်သန်း ဖြစ်ပါကြောင်း။

**အမည်မှန်**

မိုးညှင်းမြို့နယ်နေ ဦးကျော်ဝင်း၏သမီး ချောင်းဝ အထက တက္ကသိုလ်ဝင်တန်းမှ မိုးစန္ဒီကျော်၏အမည်မှန်မှာ မိုးစန္ဒာကျော် ဖြစ်ပါကြောင်း။
**မိုးစန္ဒာကျော်**

**ဖခင်အမည်မှန်**

တန့်ဆည်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(စီ)မှ မစိုးမာဦး၏ ဖခင်အမည်မှန်မှာ ဦးလှဆိုး ၅/တဆန(နိုင်)၀၈၈၅၁၀ ဖြစ်ပါသည်။ **ဦးလှဆိုး**

**မိဘအမည်မှန်**

နောင်ချိုမြို့၊ အထက(ခွဲ) တက္ကသိုလ်ဝင်တန်း(ခ)မှ မအိအိလွင်၏ မိဘအမည်မှန်မှာ ဦးဝင်းမြိုင်-ဒေါ်နန်းကြိမ်ခမ်း ဖြစ်ပါသည်။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မိတ္ထီလာမြို့၊ အထကခွဲ၊ ချည်စက်ကျောင်း၊ တက္ကသိုလ်ဝင်တန်း(A)မှ မမေသူခိုင်၏ ဖခင်အမည်မှန်မှာ ဦးတင်နိုင်တိုး(ခ)ဦးနိုင်တိုးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးတင်နိုင်တိုး(ခ)ဦးနိုင်တိုး**
**၉/မထလ(နိုင်)၀၀၇၃၅၉**

**ဖခင်အမည်မှန်**

ယင်းမာပင်မြို့ အထက တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်မျိုးကို၏ဖခင်အမည်မှန်မှာ ဦးစိုးနိုင် ၅/ယမပ(နိုင်)၀၅၉၇၆၂ ဖြစ်ပါသည်။
**ဦးစိုးနိုင်**

**ဖခင်အမည်မှန်**

နွားထိုးကြီးမြို့၊ ကျွန်းဒေါင့်ကျေးရွာတွဲဖက် အထက တက္ကသိုလ်ဝင်တန်းမှ မောင်ဝင်းမိုးကျော်၏ ဖခင်အမည်မှန်မှာ ဦးချက်ဖောင်း ၉/နထက(နိုင်)၀၀၆၅၂၈ ဖြစ်ပါသည်။ **ဦးချက်ဖောင်း**

**အမည်ပြောင်း**

မုံရွာမြို့၊ ရုံးကြီးရပ်ကွက် ဦးစန်းကြူ၏သား မောင်တင်ထူးလှိုင်အား မောင်စိုင်းတင်ထူးလှိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စိုင်းတင်ထူးလှိုင်**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၁ယ/၈၁၃၇၃ Luojia-110 ယာဉ်လက်ဝယ်ရှိသူ Mik Ko Food Marketing Co.,Ltd. မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ဖခင်အမည်မှန်**

လားရှိုးမြို့၊ အမှတ်(၂)၊ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းဝင်အမှတ်(၀၅၆၉၆) ဖြင့် တက္ကသိုလ်ဝင်တန်း (B)တွင် ပညာသင်ကြားလျက်ရှိသော မောင်ကျော်ကျော်၏ ဖခင်အမည်မှန်မှာ ဦးလောက်အန်(ခ)ဦးလော်ဆန်း ၁၃/လရန(နိုင်)၀၆၄၆၉၂ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

လားရှိုးမြို့ လူချွန်လူကောင်း ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(ခ)မှ မအိအိအောင်(ကဝ-၀၁၉၄)၏ဖခင်အမည်မှန်မှာ ဦးအိုက်လှိုင် ၁၃/တယန(နိုင်)၀၀၈၈၃၈ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့ အမှတ်(၂)အခြေခံပညာအထက်တန်း၌ ပညာသင်ကြားနေကြသော တက္ကသိုလ်ဝင်တန်း(D)မှ မောင်နိုင်အောင်လင်း၊ နဝမတန်း(B)မှ မောင်ရှိုင်းဇင်ထွန်း၊ ဒုတိယတန်း(B)မှ မမေဇင်ချိုတို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းထွန်းဦး ၁/ရကန(နိုင်)၀၄၀၇၂၈ ဖြစ်ပါကြောင်း။ **ဦးဝင်းထွန်းဦး**

**ဖခင်အမည်မှန်**

ပွင့်ဖြူမြို့၊ အထက ကုန်းဇောင်း၊ တက္ကသိုလ်ဝင်တန်း(A)မှ မထက်ထက်မင်းနှင့် မင်းဘူး(စကု)မြို့နယ်၊ ကုလားပါးကျေးရွာ၊ အမက မူလွန်၊ တတိယတန်းမှ မောင်ရှိုင်းသီဟမင်းတို့၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းစိုးဦး ၈/မဘန(နိုင်)၀၇၅၃၅၂ ဖြစ်ပါကြောင်း။
**ဦးမင်းမင်းစိုးဦး ၈/မဘန(နိုင်)၀၇၅၃၅၂**

**RC(2)ထပ်တိုက် အမြန်ရောင်းမည်**

မကွေးမြို့၊ ကန်သာရပ်၊ (၃)လမ်း၊ သစ္စာလမ်းအရှေ့ဘက်၊ ကိုယ်ပိုင်ရေတွင်း၊ မီတာပါ၊ ၂-ထပ်လုံး ကြွေပြားကပ်/ခင်းပြီး၊ ခြံဝင်းအုတ်တံတိုင်းသံပန်းကာပြီး၊ တမံသလင်း ခင်းထားသည်။ ပိုင်ရှင်ကိုယ်တိုင် ညှိနှိုင်းဈေးဖြင့် ရောင်းမည်။
**ဖုန်း-၀၉-၆၈၁၅၂၃၂၊ ၀၉-၉၁၀၄၁၃၃၃**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၂၆ယ/၉၆၆၈၉ Feibo-110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းအောင် ၈/ငဖန(နိုင်)၀၀၀၁၆၂၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ (တိုင်းရုံး) မကွေးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး(မကွေး)**

**ဖခင်အမည်မှန်**

ပုလောမြို့နယ်၊ ပုလောကုန်းကျေးရွာနေ တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မသီဂီကျော်၏ ဖခင်အမည်မှန်မှာ ဦးမောင်ကျော် ၆/ပလန(နိုင်)၀၂၄၇၃၄ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

လားရှိုးမြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(စ)မှ မောင်ဆန်းထူး (ကဝ-၁၆၂၈)၏ ဖခင်အမည်မှန်မှာ ဦးမာခေါင်(ခ)ဦးမာဂေါင် ၁၃/လရန(နိုင်)၀၆၈၅၀၄ ဖြစ်ပါသည်။

**တစ်ဦးတည်း ဖြစ်ကြောင်း**

မိတ္ထီလာ မလှိုင်မြို့ (၁၀)ရပ်ကွက်နေ ဦးကြည်လေး၏သမီး မအေမီလှိုင်(ခ)မစန္ဒာမှာ တစ်ဦးတည်းဖြစ်ကြောင်း။
**မအေမီလှိုင်(ခ)မစန္ဒာ ၉/မလန(နိုင်)၀၈၄၈၂၉**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

## အရှေ့အလယ်ပိုင်းဒေသ အသက်ရှူလမ်းကြောင်းဆိုင်ရာ (မားစ်) ကူးစက်မြန်ရောဂါ (MERS -CoV) ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

အရှေ့အလယ်ပိုင်းဒေသ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်မြန်ရောဂါအသစ် Middle East Respiratory Syndrome (MERS- CoV) ရောဂါသည် ပြင်းထန်သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါတစ်ခုဖြစ်ပြီး ဆော်ဒီအာရေဗျနိုင်ငံတွင် ၂၀၁၂ ခုနှစ် စက်တင်ဘာလအတွင်း၌ စတင်တွေ့ရှိခဲ့ကာ ကမ္ဘာ့အရှေ့အလယ်ပိုင်းနိုင်ငံများ၊ ဥရောပနိုင်ငံအချို့နှင့် အရှေ့တောင်အာရှနိုင်ငံအချို့တို့တွင် ကူးစက်ဖြစ်ပွားလျက်ရှိပါသည်။အဆိုပါရောဂါသည် လူတစ်ဦးမှ တစ်ဦးသို့ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်ကာ အသက်အန္တရာယ်မရွေးဖြစ်ပွားနိုင်ပြီး ရောဂါဖြစ်ပွားသူများ၏ ၃၀ ရာခိုင်နှုန်း အသက်ဆုံးရှုံးနိုင်ပါသည်။

အဆိုပါရောဂါဖြစ်ပွားလျက်ရှိသော နိုင်ငံများနှင့် နိုင်ငံတကာခရီးသွားလာနေသူများသည် ၁၄ ရက်အတွင်း အပြင်းဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူခက်ခြင်း၊ နှာရည်ယိုခြင်း၊ နှာချေခြင်း၊ လည်ချောင်းနာခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ ဝမ်းလျှောခြင်း/ အန်ခြင်း စသော သံသယလက္ခဏာများဖြစ်ပွားပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပို့ဆေးကုသရန် လိုအပ်ပါသည်။

(MERS-CoV) ရောဂါသည် လူတစ်ဦးမှ တစ်ဦးသို့ ချောင်းဆိုးခြင်း၊ နှာချေခြင်းမှ တိုက်ရိုက်သော်လည်းကောင်း ရောဂါဖြစ်ပွားသူ၏ ချွဲ၊ သလိပ်၊ ခန္ဓာကိုယ်အရည်၊ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ထိတွေ့ခြင်းမှသော်လည်းကောင်း ကူးစက်နိုင်ပါသည်။

(MERS-CoV) ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန် တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ခြင်း၊ နှာချေ၊ ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်၍ပြုလုပ်ခြင်း၊ လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်း၊ ကောင်းစွာအိပ်စက်အနားယူခြင်း၊ အာဟာရပြည့်ဝသည့် အစားအစာများစားသုံးခြင်း၊ လေကောင်းလေသန့်ရရှိအောင် ဆောင်ရွက်နေထိုင်ခြင်း၊ သေချာစွာချက်ပြုတ်ထားသော အစားအစာများကိုသာ စားသုံးခြင်း၊ သစ်သီး/ဟင်းသီးဟင်းရွက်များကို အစိမ်းစားသုံးမည်ဆိုပါက သေချာစွာဆေးကြောပြီးမှ စားသုံးခြင်း၊ လူထူထပ်သော နေရာများနှင့် ပွဲလမ်းသဘင်များအား သွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ရောဂါရှိသူ၏ နေအိမ်နှင့် ဆေးရုံများသို့ မလိုအပ်ဘဲသွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ တိရစ္ဆာန်များ (အထူးသဖြင့် -ကုလားအုပ်)ကို ထိတွေ့ကိုင်တွယ်ခြင်းမှ ရှောင်ကြဉ်ရန် လိုအပ်ပါသည်။ နာတာရှည်ရောဂါတစ်ခုခု (ဥပမာ-ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါ၊ အဆုတ်ရောဂါ) ခံစားနေရသူများအား (MERS-CoV) ရောဂါကူးစက်ပါက ရောဂါပိုမိုပြင်းထန်ပြီး အသက်အန္တရာယ်ရှိနိုင်ပါသည်။

နိုင်ငံခြားသို့ ခရီးသွားရောက်ရန် အစီအစဉ်ရှိပါက ရောဂါဖြစ်ပွားကူးစက်နေသောနိုင်ငံများသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ရောဂါဖြစ်ပွားကူးစက်လျက်ရှိသော နိုင်ငံများမှ မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် ၁၄ရက်အတွင်း ဖျားခြင်းနှင့် ချောင်းဆိုးခြင်း၊ နှာရည်ယိုခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူခက်ခြင်း၊ ဝမ်းလျှောခြင်း/အန်ခြင်းစသည့်ရောဂါ သံသယလက္ခဏာများ ဖြစ်ပေါ်လာပါက နီးစပ်ရာဆေးရုံဆေးခန်း ကျန်းမာရေးဌာနများသို့ ချက်ချင်းသတင်းပို့၍ရောဂါကာကွယ်ကုသထိန်းချုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ပြည်သူလူထုအခြေပြု ရွေ့လျားကျန်းမာရေးဆေးခန်း ဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၁**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ၂၀၁၀ မှစ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများသို့ကွင်းဆင်းကာ ပြည်သူလူထုအခြေပြု ရွေ့လျားကျန်းမာရေးဆေးခန်းကို ဖွင့်လှစ်၍ ကျန်းမာရေးပညာပေး ဟောပြောခြင်း၊ ကိုယ်ဝန်ဆောင်နှင့် သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပံ့ပိုးပစ္စည်းများလှူဒါန်းခြင်း၊ မျက်စိနှင့် သွားကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို တစ်လတစ်ကြိမ် ပုံမှန်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် အဘိုးအဘွားများကို အားဆေးနှင့် အာဟာရများကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များကိုအနီးပိတ်၊ အိုင်အိုဒင်းဆားနှင့် အာဟာရဖြစ်စေသော အစားအစာများကို လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။ ၎င်းနောက် ကိုယ်ဝန်ဆောင်များကို ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးခြင်း၊ သက်ကြီးရွယ်အို ဘိုးဘွားများကိုကျန်းမာရေး စစ်ဆေးမှုများပြုလုပ်ပေးခြင်း၊ မျက်စိလူနာများကို ကြည့်ရှုစစ်ဆေးပေးခြင်း၊ သွားနှင့်ခံတွင်းလူနာများကို ကုသမှုပေးခြင်း၊ အထွေထွေလူနာများကို ကြည့်ရှုစစ်ဆေးပေးခြင်း၊ ညွှန်းပို့ရန်လိုအပ်သော လူနာများကို နီးစပ်ရာ ကျန်းမာရေးဌာနသို့ ညွှန်းပို့ခြင်းနှင့် ချို့တဲ့လူနာများကို ထောက်ပံ့ခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## လယ်ယာသုံးစက်ကိရိယာများ အရစ်ကျရောင်းချမှု ရှင်းလင်း

**ရန်ကုန် အောက်တိုဘာ ၁**

သမဝါယမ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းနှင့် လယ်ယာသုံးစက်ကိရိယာများ အရစ်ကျ ရောင်းချမှုနှင့်ပတ်သက်၍ ရှင်းလင်းပွဲကို စက်တင်ဘာ ၂၇ ရက်က တောင်ဥက္ကလာပမြို့နယ် မြို့နယ်သမဝါယမ အသင်းစုရုံး၌ ကျင်းပသည်။

ကွင်းဆင်းအဖွဲ့ခေါင်းဆောင် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်သက်လွင်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ၊ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌတို့က အသေးစားချေးငွေရရှိမှုနှင့် လယ်ယာသုံးစက်ကိရိယာများ အရစ်ကျရောင်းချမှုများကို အသင်းသားများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် အသင်းသားများ၏ ဆန္ဒသဘောထားများကို တောင်းခံကာ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဇော်ဝင်းမြင့်(တောင်ဥက္ကလာ)**

## မြေများအား မူလပိုင်ရှင်များထံ ဒုတိယအကြိမ်ပေးအပ်

**တံတားဦး အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်အတွင်းရှိ ပြန်လည်စွန့်လွှတ်သည့် မြေများအား မူလပိုင်ရှင်များထံသို့ ဒုတိယအကြိမ် ပြန်လည်ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမြင့်သန်းက ယခုဒုတိယအကြိမ် တောင်သူပေါင်း ၄၃ဦး ဧကပေါင်း ၉၁၉ ဒသမ ၄ ဧကကို ပြန်လည်ပေးအပ်မည်ဖြစ်၍ ယခင်လိုနှစ်လအကြာတွင် မြေပိုင်ဆိုင်ခွင့်ပုံစံ(၇)ကို ထုတ်ပေးမည်ဖြစ်ကြောင်း၊ ကျန်ရှိသော မြေယာများကိုလည်း စိစစ်၍ ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်းပြောကြားပြီး မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၀၉)

## မိုးရွာသွန်းမှုနည်းပါး၍ သံတောင်မြို့နယ်တွင် ဆေးဖက်ဝင် ဖာလာစေ့ထွက်နှုန်းလျော့ကျ

**သံတောင် အောက်တိုဘာ ၁**

တရုတ်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချလျက်ရှိသည့် ဆေးဖက်ဝင် ဖာလာစေ့မှာ ယခုနှစ်မိုးရွာသွန်းမှုနည်းပါးသည့်အတွက် အထွက်နှုန်းကျဆင်းခဲ့ကြောင်း အရောင်းအဝယ်လုပ်ကိုင်သူများက ပြောပြသည်။

သံတောင်မြို့နယ်နှင့် လိပ်သိုမြို့နယ်(ခွဲ)တောင်ပေါ်ဒေသ အနှံ့အပြားတွင် စိုက်ပျိုးလုပ်ကိုင်ကြသည်။ အရောင်းအဝယ်လုပ်သူများက ငွေကိုကြိုတင်ပေးထားရလေ့ရှိပြီး စက်တင်ဘာလ ပထမပတ်မှစတင်၍ ဖာလာထွက်ရာတွင် ယခင်နှစ်ကထက် လျော့ကျခဲ့သဖြင့် ငွေထုတ်ပေးထားသူများ အခက်တွေ့နေကြကြောင်း ဆင်ဝွေကျေးရွာ ဒေသခံတစ်ဦးက ပြောပြသည်။

“ငွေကို ကျွန်တော်တို့က ကြိုပေးထားရတာ သိန်း၅၀ နဲ့ ၁၀၀ ကြားမှာရှိတယ်၊ အရောင်းအဝယ်လုပ်တဲ့သူတွေ ငွေအားလုံးဆိုရင် သိန်းထောင်ကျော်လောက် ရင်းထားရတာ။ ခြံရှင်တွေကတော့ အေးအေးပဲ၊ ဒီနှစ်မရရင်နောက်နှစ်ကျမှ ယူပေါ့။ အရောင်းအဝယ်သမားတွေကလည်းတောင်ပေါ်မှာ ခြေချင်းလိမ်နေတာပဲ”ဟု အဆိုပါ ဒေသခံကပင် ပြောပြသည်။

ဖာလာစေ့များကို သံတောင်၊ လိပ်သိုနှင့် တောင်ငူမြို့များတွင် အဝယ်ဒိုင်များ ဖွင့်လှစ်ကာ ဝယ်ယူလျက်ရှိပြီး တစ်ပိဿာလျှင် လက်ရှိငွေကျပ် ၁၂,၀၀၀ ဖြင့် ဝယ်ယူနေကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**


### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၄၄၈၀၁ Zong Shen 110-60, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသူရစိုး ၉/မနတ(နိုင်)၀၉၉၁၃၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၁၅၀၇၂ Stream YMD 110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလင်း ၉/၀တန(နိုင်)၁၇၅၀၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ထော်သိုကျေးရွာအုပ်စု၊ ကျောက်စရစ်ကုန်းလမ်းနေ ဦးမြင့်နိုင် ၁၂/သတန(နိုင်)၀၂၁၅၉၂ ပိုင်သည့် ၆၀'×၈၀' မြေကွက်ကို ဦးစည်သူဖြိုးမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစည်သူဖြိုး**
**ဖုန်း-၀၉-၇၃၁၄၄၄၀၅**

### ဖခင်အမည်မှန်

ပုဏ္ဏားကျွန်း အထက၊ တက္ကသိုလ်ဝင်တန်း(D)မှ မသူဇာမူ၏ ဖခင်အမည်မှန်မှာ ဦးထွန်းဦးဘော် ၁၁/ပဏတ(နိုင်)၀၂၀၄၁၀ ဖြစ်ပါကြောင်း။

### မိဘအမည်မှန်

ကျိုင်းတုံမြို့ အထက(၅) တက္ကသိုလ်ဝင်တန်း(ခ)မှ မနန်းထက်နှင်းဖူး၏ မိဘအမည်မှန်မှာ ဦးအိုက်ဆစ် ၁၃/တခလ(နိုင်)၀၁၁၄၁၈ နှင့် ဒေါ်အီနစ် ၁၃/တခလ(နိုင်)၀၂၈၆၉၂ ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၆ယ/၄၄၆၄၁ အမည်ပေါက် ဒေါ်တင်တင်လှိုင် ၉/မမန(နိုင်)၀၆၇၃၄၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၈၂၈၁ HiBoBo Dream 110 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ စစ်တွေမြို့ ရဲနွယ်စုရပ်ကွက်နေ ဦးကျော်ဦး ၁၁/စတန(နိုင်)၀၀၁၆၆၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ ပြည်နယ်ရုံး၊ စစ်တွေသို့ လာရောက်ဆက်သွယ်ပါရန်။

**ကညန(ပြည်နယ်ရုံး)၊ စစ်တွေ**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃ဟ/၃၃၉၀ Lifan 175 (သုံးဘီးဆိုင်ကယ်) ယာဉ်လက်ဝယ်ရှိသူ ဦးအိုက်လိုင်း ၁၃/ကတန(နိုင်)၁၃၁၃၇၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တွဲဖက်ပြည်နယ်ရုံး၊ ကျိုင်းတုံ**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ယ/၄၃၀၀ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိန်မင်း ၉/ပသက(နိုင်)၀၅၂၁၃၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

မော်တော်ယာဉ်အမှတ် ၂၂ယ/၄၅၈၁၅ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ် ကြက်ခြေနီအသင်းသည် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/အင်တိုင်းသာရပ်၊ မြေကွက်/ဦးပိုင်အမှတ် ၂၆၊ ဧရိယာ ၀ဒသမ ၁၀၈ဧကရှိ ဦးဘိုးကြူ-ဒေါ်ကြိုင် အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘွားပိုင်မြေကွက်အား ဒေါ်စမ်းစမ်းမြင့် ၉/လဝန(နိုင်)၀၃၅၈၇၆ (ဘ) ဦးမြင့်ဦးမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံစာချုပ်ရန် မြေပုံရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၁၆၆၈၀ ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မြင့် ၅/ကလထ(နိုင်)၀၄၃၃၄၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကလေးမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ယ/၂၂၄၇၀ ဦးမောင်မြင့် ၅/ကလထ(နိုင်)၀၄၃၃၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ဆက်သွယ်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကလေးမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၂၇၇၈၇ Toyo Bo 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လွင် ၇/ပမန(နိုင်)၀၄၅၆၉၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ပြည်)၊ပြည်မြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် BB-3762 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားတစ်ချပ် ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ဒေသန္တရဥပဒေတစ်ခုတည်းဖြင့် အရေးယူမည်



**ဖျာပုံ အောက်တိုဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် ပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ခရိုင်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီက ဆပ်ကော်မတီရှစ်ဖွဲ့ဖြင့် စည်းကမ်းဖောက်ဖျက်မှုများကို အရေးယူလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ဆိုင်ကယ်ဦးထုပ် မဆောင်းခြင်း၊ သုံးယောက်တင်ဆောင်ခြင်း၊ လမ်းပြောင်းပြန်မောင်းခြင်း၊ အရှိန်ပြင်းစွာမောင်းနှင်ခြင်း၊ ယာဉ်မရပ်ရနေရာများတွင် ယာဉ်ရပ်နားခြင်းများကို ရုံးဖွင့်ရက်များတွင် တရားရုံးဒဏ်ငွေအဖြစ် တရားစွဲဆို၍ သတ်မှတ်ဒဏ်ငွေကျပ် ၁၀၀၀ ဖြင့် အရေးယူပြီး ရုံးပိတ်ရက်များတွင် ဒေသန္တရဒဏ်ငွေကျပ် ၅၀၀၀ ဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။ သို့သော်လည်း ယာဉ်မောင်းသူများစည်းကမ်းလိုက်နာမှု အားနည်းခြင်းကြောင့် ယာဉ်တိုက်မှုများနှင့် မောင်းနှင်ထွက်ပြေးမှုများအပြင် တာဝန်ထမ်းဆောင်နေသော ယာဉ်ထိန်းရဲတပ်ဖွဲ့များကို ရိုင်းပျစွာပြောဆိုမှုများ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရသည်။

ယခုအခါ ဖျာပုံမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပိုမို လိုက်နာမှုရှိစေရန်အတွက် စက်တင်ဘာ ၂၈ ရက်က ဖျာပုံမြို့ (၄)ရပ်ကွက်၊ တစ်လမ်းမောင်းလမ်းထောင့်တွင် ခရိုင်ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များနှင့် သတ်မှတ်ယာဉ်စည်းကမ်းများအတိုင်း ဒေသန္တရဥပဒေဖြင့် စစ်ဆေးအရေးယူဆောင်ရွက်နေပြီဖြစ်သည်။ **(ဓါတ်ပုံ)**

ဆက်လက်၍ ပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းပြီး ယာဉ်မောင်းသူများ စည်းကမ်းလိုက်နာမှု ပိုမိုရှိလာစေရန်အတွက် စက်တင်ဘာ ၂၉ ရက်မှ စတင်၍ ဒေသန္တရဒဏ်ငွေ တစ်ခုတည်းဖြင့်သာ အရေးယူဆောင်ရွက်သည့် နေရာများတွင် တစ်ထိုင်တည်း သတ်မှတ်ဒဏ်ငွေပေးဆောင်စေရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(ဖျာပုံ)**

# ဝါးစိုက်ပျိုးစနစ် မှန်ကန်ရေးဟောပြော

**မြို့သစ် အောက်တိုဘာ ၁**

မကွေးခရိုင် မြို့သစ်မြို့နယ် ပုတီးကုန်းကျေးရွာအုပ်စု တောင်သူဦးညွန့်မောင်၏ ဝါးစိုက်ခင်း ၂ ဒသမ ၀၀ ဧကအတွင်း စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက ဝါးစိုက်တောင်သူဦးကြီးများနှင့်တွေ့ဆုံကာ စိုက်ပျိုးနည်းစနစ်မှန်ကန်မှုရှိစေရန် ဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း တိုင်းမန်နေဂျာ ဦးခင်မောင်ထွန်းနှင့် ခရိုင်မန်နေဂျာ ဒေါ်နီလာမော်တို့က ဒေသခံတောင်သူကြီးများ စိုက်ပျိုးနည်းစနစ်မှန်ကန်စေရန်နှင့် အထွက်နှုန်း သိသိသာသာ တိုးပွားလာစေရန် ပညာပေး ဆွေးနွေးပြောကြားပြီး မြို့သစ်မြို့နယ် ဝါမန်နေဂျာက တောင်သူများ သိရှိလိုသည်များကို အသေးစိတ်ရှင်းလင်းခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ဝါးစိုက်တောင်သူဦးကြီးများနှင့် ပုတီးကုန်းကျေးရွာအုပ်စုရှိ စိတ်ဝင်စားသူများတက်ရောက်ခဲ့ပြီး သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။ **ဇော်ဇော်(မြို့သစ်)**



# စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ၂၀၁၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ်စာစီစာကုံးနှင့်ပန်းချီပြိုင်ပွဲကို စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီက အလက(ခွဲ)ကျောက်ချက်ကျောင်း၌ ကျင်းပသည်။ အဆိုပါပြိုင်ပွဲကိုက မြို့နယ်ပညာရေးမှူး ဦးစိန်လွင်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးသောင်းငွေနှင့်ဒုတိယဦးစီး (ကာယ)ဦးကျော်ထက်တို့က ကြီးကြပ်၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး ယင်းပြိုင်ပွဲတွင် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့်တို့မှ ကျောင်းသားကျောင်းသူပေါင်း ၇၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **မောင်လွင်(တပ်ကုန်း)**

**ပြည်တွင်းသတင်းနှင့် ဆောင်းပါး**

# ဗုဒ္ဓပူဇနိယတန်ဆောင်တိုင်ဘုရားပွဲတော်နှင့် မြတ်စွယ်တော်အပူဇော်ခံပွဲ ညှိနှိုင်းစည်းဝေး

**ပြည် အောက်တိုဘာ ၁**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယတန်ဆောင်တိုင်ပွဲတော်အား ၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက်မှ လပြည့်ကျော် ၂ ရက်အထိ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက်(ပထမအကြိမ်) ပွဲတော်ကျင်းပရေး ဦးစီးကော်မတီညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၈ ရက် နံနက် ၈ နာရီက ရွှေဆံတော်စေတီရင်ပြင်တော်ပေါ်ရှိ ကျားပျံမကောက် ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းက အမှာစကားပြောကြားပြီး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်တက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း)ရွှေဆံတော်ဂေါပကအဖွဲ့ဝင် ဦးမြဝင်းက ကျင်းပရေးဦးစီးကော်မတီများဖွဲ့စည်းထားခြင်းနှင့် လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသွားသည်။

ယင်းနောက် လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ မြတ်စွယ်တော်ဖွင့်လှစ်အပူဇော်ခံရေးနှင့် ရင်ပြင်တော်ပေါ်၌ လှည့်လည်အပူဇော်ခံရေး၊ ကျန်းမာရေး၊ သတင်းနှင့်ပြန်ကြားလှုံ့ဆော်ရေး၊ သယ်ယူပို့ဆောင်ရေး၊ အခမ်းအနားပြင်ဆင်ရေး၊ ဆွမ်းဆန်စိမ်းလောင်းလှူ ဘုရားအနေကဇာတင်၊ ဆွမ်းတော်ကြီးကပ်၊ ဆီမီးပူဇော်သည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များကို ဖြည့်စွက်အကြံပြုဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းလွင်(ပြည်)**

# မိုးအစေ့ထုတ်ပြောင်း စံကွက်ရိတ်သိမ်း

**တောင်တွင်းကြီး အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ တောင်တွင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်ကာ ကံပေးကျေးရွာ တောင်သူဦးခိုင်ဦး၏ ယာမြေတစ်ဧကေ စံပြစိုက်ခင်းတွင် မိုးအစေ့ထုတ်ပြောင်းမျိုး ခြောက်မျိုးကို မျိုးယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးခဲ့ရာ စက်တင်ဘာ ၂၉ ရက်က ရိတ်သိမ်းခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ်ဆည်မြောင်းဦးစီးအရာရှိနှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ အုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ စိတ်ဝင်စားစွာဖြင့် ကြည့်ရှုလေ့လာခဲ့ကြသည်။

ပြောင်းမျိုးအမှတ် (၀၁/၁၄)မျိုးမှာ တစ်ဧကေ ၆၄ တင်းနှုန်း၊ (၀၂/၁၄)မျိုးမှာ ၇၇ တင်းနှုန်း၊ (၀၃/၁၄)မျိုးမှာ ၄၉ တင်းနှုန်း၊ (၀၄/၁၄)မျိုးမှာ ၉၄ တင်းနှုန်း၊ (၀၅/၁၄)မျိုးမှာ ၇၈ တင်းနှုန်း၊ ဒေသစူဝမ်ပြောင်းမျိုးမှာ ၆၃ တင်းနှုန်းထွက်ရှိ၍ ပြောင်းမျိုးအမှတ် DMH (၀၄/၁၄)မျိုးမှာ အခြားပြောင်းမျိုးများထက် အထွက်နှုန်းပိုမိုထွက်ရှိသဖြင့် ဒေသခံပြောင်းစိုက်တောင်သူများ ပိုမိုကြိုက်နှစ်သက်ကြပြီး လာမည့်နှစ်များတွင် ပြောင်းမျိုးအမှတ် DMF(၀၄/၁၄)မျိုးကိုသာ တိုးချဲ့စိုက်သွားမည်ဖြစ်ကြောင်း ကံပေးကျေးရွာမှ တောင်သူဦးခိုင်ဦးက ပြောကြားသည်။ **(လ/၀၂၁)**

**အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး လျှောက်လွှာခေါ်ယူခဲ့ခြင်းအပေါ် ပြင်ဆင်ဖြည့်စွက်ခြင်း

၂၂-၉-၂၀၁၄ ရက် ကြေးမုံသတင်းစာနှင့် ၂၃-၉-၂၀၁၄ ရက် မြန်မာ့အလင်းသတင်းစာတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူခြင်း ကြော်ငြာအပိုဒ်(၁)အား "လစာနှုန်းကျပ် ၉၃၀၀၀-၁၀၀၀-၉၈၀၀၀ ရရှိသော စာရင်းစစ်(ပညာရှင်အဆင့်-၂) ရာထူး (၂၆၅)နေရာအတွက် လျှောက်လွှာခေါ်ယူပါသည်"ဟု ပြင်ဆင်ဖြည့်စွက်ဖော်ပြပါသည်။

## စွမ်းအင်ဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**တင်ဒါအမှတ် MOE/ LP/ COM/ CAP/ T/ 2(2014-2015)**

၁။ စွမ်းအင်ဝန်ကြီးဌာနရှိ ရုံးအမှတ်(၆)နှင့် ရုံးအမှတ်(၄၄)တို့တွင် LAN (Local Area Network) Infrastructure တည်ဆောက်ခြင်းနှင့် ဆက်စပ်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၉-၉-၂၀၁၄ ရက် (ရုံးချိန်အတွင်း)

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၁၀-၂၀၁၄ ရက်၊ ၁၂း၀၀ နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၂၉-၁၀-၂၀၁၄ ရက်၊ ၁၃း၀၀ နာရီ

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

၆။ သတ်မှတ်ရက်ထက်နောက်ကျသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**ရုံးအမှတ်(၆)၊ စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၀၄၈၊ ၄၁၁၄၈၇၊ ၄၁၁၁၃၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ)မှ အောက်ဖော်ပြပါပစ္စည်းများနှင့် လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။ လုပ်ငန်းအားလုံး(သို့)လုပ်ငန်းတစ်ခုစီအလိုက် တင်ဒါတင်သွင်းနိုင်ပါသည်။

| စဉ် | လုပ်ငန်း | အမျိုးအမည် | အရေအတွက် |
|---|---|---|---|
| ၁ | ကျောင်းခြံစည်းရိုးကာရံခြင်း | | ၁၆၅၀ ပေ |
| ၂ | လုပ်ငန်းသုံးပစ္စည်းဝယ်ယူခြင်း | Pump 5HP | ၁ လုံး |
| | | Compressor(1.5 HP) | ၁ လုံး |
| ၃ | ပရိဘောဂပစ္စည်း ၂၅ မျိုး ဝယ်ယူခြင်း | ကျွန်း၊ အလူမီနီယံနှင့် အခြားအသုံးပြုပစ္စည်း | ၃၄၉ ခု |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ဤကြော်ငြာပါရှိသည့်ရက်မှစတင်၍ ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ)တွင် ရောင်းချမည်ဖြစ်ပြီး ၎င်းအိတ်ဖွင့်တင်ဒါများကို ၁၃-၁၀-၂၀၁၄ရက် ရုံးချိန်အတွင်းတွင် ဥက္ကဋ္ဌ၊ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ)သို့ လိပ်မူ၍ နောက်ဆုံးထားတင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၂-၂၂၁၅၅၊ ၂၂၁၅၆၊ ၀၉-၂၃၀၀၉၄၇၊ ၀၉-၂၅၆၆၂၉၉၃၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့၊ ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ)**

**အမည်မှန်**

ဦးကျင်ထွန်း၏သမီး ၇/ပတတ(နိုင်)၁၁၅၁၅၇ ကိုင်ဆောင်သူ ဒေါ်သန်းသန်းဆွေ(ခ)ဒေါ်သန်းဆွေ၏ အမည်မှန်မှာ ဒေါ်သန်းဆွေဖြစ်ပါသည်။

## ကြေညာချက်

၁။ ၂၀၁၄ခုနှစ် ဩဂုတ်လအတွင်း ပြင်ဦးလွင်၊ နေပြည်တော်နှင့် မော်ဘီ စာစစ်ဌာနများ၌ ကျင်းပခဲ့သော သစ်တောတက္ကသိုလ်၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၊ ဘွဲ့ကြို ပထမနှစ်ဝင်ခွင့်အရည်အချင်းစစ်ရေးဖြေစာမေးပွဲ အောင်မြင်သူများစာရင်းကို ၂၆-၉-၂၀၁၄ရက်တွင် သစ်တောတက္ကသိုလ်၊ ရေဆင်း နေပြည်တော်၌ ထုတ်ပြန်ခဲ့ပြီးဖြစ်၍ စာစစ်ဌာနအားလုံး၌ ကြေညာပြီး ဖြစ်ပါသည်။

၂။ ရေးဖြေစာမေးပွဲအောင်မြင်သူများသည် ၂၀၁၄ခုနှစ် အောက်တိုဘာ ၁၇ ရက် (သောကြာနေ့)တွင် လူတွေ့စစ်ဆေးခြင်းခံယူရန် သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်သို့ ၁၅-၁၀-၂၀၁၄ ရက် ၉း၃၀နာရီမှ ၁၆-၁၀-၂၀၁၄ ရက် ၁၆း၃၀ နာရီ ရုံးချိန်အတွင်း မပျက်မကွက် (မပျက်မကွက်) သတင်းပေးပို့ကြရမည်ဖြစ်ပါသည်။

**သစ်တောတက္ကသိုလ်၊ ရေဆင်း**
**နေပြည်တော်**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးတွင် အသုံးပြုရန်လိုအပ်သည့် အောက်ဖော်ပြပါ စာရေးကိရိယာနှင့် စာရေးကိရိယာ(ပုံစံ)များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | စာရေးကိရိယာ | (၁၄) မျိုး |
| (ခ) | စာရေးကိရိယာ(ပုံစံ) | (၅) မျိုး |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိလိုသော အချက်အလက်များကို ပစ္စည်းဝယ်ယူရေးနှင့် သိုလှောင်ရေးဌာန ကုန်းလမ်းပို့ဆောင်ရေး(ရုံးချုပ်) နေပြည်တော်၊ ရုံးအမှတ်(၂၉)တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။ ဆက်သွယ်ရန်ဖုန်း-၀၆၇-၄၀၅၁၄၀၊ ၀၆၇-၄၀၅၃၄၀။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# မြန်မာ့ဂုဏ်ရည်လမ်း ညဘက်ဈေးစည်ကားချိန် ဓာတ်ကြိုးပြတ်ကျ

**မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်းတွင် အပူရှိန်လွန်ကဲပြီး ဓာတ်ကြိုးပြတ်ကျမှုဖြစ်ပွားခဲ့ကြောင်းနှင့် ထိခိုက်ဒဏ်ရာရမှု မရှိကြောင်း သိရသည်။**

**ရန်ကုန် အောက်တိုဘာ ၁**

စက်တင်ဘာ ၂၉ ရက် ည ၈ နာရီ ၁၅ မိနစ်က မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်းနှင့် ၉၃ လမ်းထိပ် (မြောက်ဘက်ခြမ်း) ညဈေးတန်း၌ လူအလွန်စည်ကားချိန်တွင် လျှပ်စစ်မီးသုံးစွဲသူများပြားလွန်းသဖြင့် အရှေ့နှင့်အနောက်သွယ်တန်းထားသော ဓာတ်တိုင်နှစ်တိုင် အလယ်ခေါင်မှ လျှပ်စစ်ဓာတ်ကြိုး အပူရှိန်လွန်ကဲပြီး အောက်သို့ ပြတ်ကျသွားခဲ့ရာ အချိန်တစ်နာရီကြာ လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့သည်။

ကံအားလျော်စွာ ညဘက်ဈေးသည်များ၏ ထီးအမိုးကြီးများပေါ် သို့ ပြတ်ကျခြင်းဖြစ်၍ လူသွားလူလာအလွန်များပြားနေသော်လည်း တစ်စုံတစ်ဦးမျှ ထိခိုက်ခဲ့ခြင်းမရှိဟု သိရသည်။ ဓာတ်ကြိုးပြတ်ကျသဖြင့် ဆိုက်ကားဂိတ်မှ ဆိုက်ကားနင်းသူများထွက်ပြေးတိမ်းရှောင်ကာ ဓာတ်ကြိုးပြတ်အနားမသွားရန် လမ်းသွားလမ်းလာများက ဝိုင်းဝန်းကာရန်တားဆီးပေးခဲ့ကြသည်။ ကန်တော်ကလေး(အရှေ့) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်က သက်ဆိုင်ရာ လျှပ်စစ်ဌာနသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်သတင်းပေးပို့မှုကြောင့် လျှပ်စစ်ဝန်ထမ်းများ ချက်ချင်းရောက်ရှိလာကာ ဓာတ်အားပိတ်ပြီး ပြတ်ကျသွားသော ဓာတ်ကြိုးကိုပြန်ဆက်၍ ည ၉ နာရီ ၁၅ မိနစ်တွင် ဓာတ်အားပြန်လွှတ်သည်။

ဆိုက်ကားနင်းသူတစ်ဦးက "ဓာတ်ကြိုးက ဆိုက်ကားဘေးနား ပြတ်ကျလာတာ၊ ကံကောင်းလို့ပေါ့။ ခုန်ချထွက်ပြေးပြီး ဓာတ်ကြိုးပြတ်ကျတယ် အော်ပြောလို့ လူတွေဝိုင်းအုံလာပြီး ဓာတ်ကြိုးပြတ်တဲ့နေရာမသွားဖို့ ဝိုင်းကာ တားဆီးပေးကြတယ်" ဟု တွေ့ကြုံရပုံကို ပြောသည်။ လမ်းဘေးဈေးရောင်းသူတစ်ဦးကလည်း "ထီးအမိုးရှိလို့တော်သေးတာပေါ့။ ဓာတ်ကြိုးက ထီးအမိုးပေါ်ပြတ်ကျလာတယ်။ ထီးအမိုးသာမကယ်ရင် ဘယ်လိုပြောရမှန်းတောင် မသိဘူး" ဟု ကိုယ်တွေ့ဖြစ်ရပ်ကို ပြောပြသည်။ ပြတ်ကျသော ဓာတ်ကြိုးမှာ ၁၅၀ ဂိတ်ကြေးကြိုးများဖြစ်ပြီး အချိန်ကာလကြာမြင့်စွာ သုံးစွဲလာခဲ့ပြီးဖြစ်၍ ကြေးရောင်မရှိတော့ဘဲ အမည်းရောင်ဖြစ်နေကြောင်း လျှပ်စစ်ကျွမ်းကျင်သူတစ်ဦးက ပြောသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**



လျှပ်စစ်ဝန်ထမ်းများ ဓာတ်ကြိုးများ ပြန်လည်ဆက်သွယ်ပြင်ဆင်နေစဉ်။

## ကသာမြို့နယ်၌ ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်

**ကသာ အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် ဧရာဝတီမြစ်အတွင်း ငါးမြစ်ချင်းကောင်ရေ နှစ်သိန်းကို စက်တင်ဘာ ၃၀ ရက်က မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးတင်ဝင်း၊ ကသာခရိုင်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးမြင့်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဝင်းတင်တို့နှင့်အတူ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စုပေါင်းပြီး ထီးချိုင့်မြို့နယ် အင်ကြင်းကုန်း ငါးလုပ်ငန်းမှ ရရှိသော ငါးမြစ်ချင်းကောင်ရေနှစ်သိန်းကို မျိုးစိုက်ထည့်ခဲ့ကြသည်။

**ဦးရဲ(ကသာ)**

## မဘသအဖွဲ့ တစ်နှစ်ပြည့် နှစ်ပတ်လည်ကျင်းပ

**ကျောက်တံခါး အောက်တိုဘာ ၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့၏ တစ်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို မြို့နယ်မဘသအဖွဲ့နှင့် ဝံသာနုရက္ခိတအဖွဲ့တို့ပူးပေါင်း၍ စက်တင်ဘာ ၂၉ ရက်က ကျောက်တံခါးမြို့ ကျွန်းကုန်းတောရကျောင်းတိုက် ဇမ္ဗူအေးဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောက်တံခါးမြို့နယ် မဘသအဖွဲ့ ဩဝါဒါစရိယ ဆရာတော် တောကျွဲအင်းမြို့ မဇ္ဈိမာရုံတောရကျောင်းဆရာတော်က ဩဝါဒစကား မြွက်ကြားပြီး မဘသ(ဗဟို)ဥက္ကဋ္ဌ အင်းစိန်ရွာမဆရာတော်ထံမှ သဝဏ်လွှာကို ကျောက်တံခါးမြို့နယ်မဘသဆရာတော်က ဖတ်ကြားခဲ့သည်။

ထို့နောက် မြို့နယ်မဘသအဖွဲ့ တာဝန်ရှိဆရာတော်များက တစ်နှစ်တာအတွင်း ဆောင်ရွက်မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဖတ်ကြားရှင်းလင်းသည်။ ထို့နောက် ဟောပြောပွဲကိုဆက်လက်ကျင်းပရာ သာကီသွေးဂျာနယ် အယ်ဒီတာချုပ် မောင်သွေးချွန်က ဟောပြောခဲ့သည်။ ကျောက်တံခါးမြို့နယ် မဘသအဖွဲ့၏ နှစ်ပတ်လည်သဘောထားထုတ်ပြန်ချက်ကို မြို့နယ်မဘသအတွင်းရေးမှူးဆရာတော်က ဖတ်ကြားခဲ့သည်။

ကျောက်တံခါးမြို့နယ် မဘသအဖွဲ့နှစ်ပတ်လည်အခမ်းအနားသို့ မြို့နယ်မဘသအဖွဲ့ ဆရာတော်များ၊ အနယ်နယ်အရပ်ရပ်မှသံဃာတော်များ၊ မဘသအဖွဲ့ဝင်များ၊ အလှူရှင်များတက်ရောက်ခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# EXIM Bank ချေးငွေ ဒေါ်လာသန်း ၃၀၀ ထုတ်ချေးခြင်း ညောင်ဦးတွင် ထပ်ဆင့်ရှင်းလင်း

**ညောင်ဦး အောက်တိုဘာ ၁**

တရုတ်နိုင်ငံ EXIM Bank ချေးငွေ ဒေါ်လာသန်း ၃၀၀ ထပ်ဆင့်ထုတ်ချေးခြင်းရှင်းလင်းပွဲကို မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ စက်တင်ဘာ ၂၈ ရက်က ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးသမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းကျော်မင်းနှင့် တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ် ဒုတိယဥက္ကဋ္ဌ ဦးစန်းလွင်တို့က တောင်သူများအနေဖြင့် EXIM Bank ချေးငွေများကို ယခင်က လယ်မြေဧကနှစ်ဧကရှိပါက ငွေကျပ်တစ်သိန်းချေးပေးခဲ့ရာ ငွေကျပ်တစ်ရာလျှင်အတိုး တစ်ကျပ်ခွဲနှုန်းဖြင့် အပြီးအပြတ် ပြန်လည်ပေးဆပ်ရကြောင်း၊ ယခုအကြိမ်တွင်ချေးမည့် ချေးငွေများသည် စံနှုန်း(၈)ချက်နှင့် ကိုက်ညီသည့် အသင်းသားများကို လယ်မြေဧကသုံးဧကလျှင် ငွေကျပ်သုံးသိန်းအထိ ချေးပေးမည်ဖြစ်ပြီး အတိုးနှုန်းကိုလည်း ငွေကျပ်တစ်ရာလျှင် အတိုး ၁ ကျပ် ၀၈ ပြားအထိ လျှော့ချပေးမည်ဖြစ်သည့်အတွက် တောင်သူများ လယ်ယာလုပ်ငန်းများကို ပိုမိုအဆင်ပြေစွာ လုပ်ကိုင်နိုင်တော့မည်ဖြစ်ကြောင်းနှင့် ချေးငွေထုတ်ယူသည့် အသင်းသားများကလည်း ချေးငွေနှင့်ပတ်သက်ပြီး လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို တာဝန်ကျေပွန်စွာ လိုက်နာဆောင်ရွက်စေလိုကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် သမဝါယမ အသင်းသားများက သိရှိလိုသည်များကို မေးမြန်းကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ချေးငွေရှင်းလင်းပွဲသို့ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ညောင်ဦးခရိုင် သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ညောင်ဦးမြို့ အခြေခံ သမဝါယမအသင်းများမှ အသင်းသားကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

**ရဲသူရအောင်(ညောင်ဦး)**

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**
**ကွန်ပျူတာတက္ကသိုလ်(မန္တလေး)**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(မန္တလေး)အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများ ဝယ်ယူလိုပါသည်။

| စဉ် | ဝယ်ယူမည့်ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Table(5'x3'x2'6") | ၁၀ လုံး |
| ၂။ | အစည်းအဝေးသုံးစားပွဲအရှည် | ၁ လုံး |
| ၃။ | အံဆွဲတစ်ဖက်ပါ ရုံးသုံးစားပွဲ(T.1004) | ၁၀ လုံး |
| ၄။ | အံဆွဲမပါစာကြည့်စားပွဲ(T.1016) | ၁၀ လုံး |
| ၅။ | Long High Desk | ၃၀ လုံး |
| ၆။ | Long Low Desk | ၃၀ လုံး |
| ၇။ | စာကြည့်တိုက်စားပွဲ(နှစ်ယောက်တွဲ) | ၂၀ လုံး |
| ၈။ | Cabinet(Leeco 4 Drawers) | ၃ လုံး |
| ၉။ | ဖိုင်တင်စင်(Leeco / Taiyo/ Standard) | ၅ လုံး |
| ၁၀။ | Cabinet (Leeco Sample) | ၃ လုံး |
| ၁၁။ | Computer Table | ၆၅ လုံး |
| ၁၂။ | Table For Teacher(Language Lab room) | ၁ လုံး |
| ၁၃။ | Twin Table For Students(Language Lab room) | ၄၀ လုံး |
| ၁၄။ | လက်တန်းပါထိုင်ခုံ(1.4'x1.6'x3.2') | ၁၀ လုံး |
| ၁၅။ | လက်တန်းမပါထိုင်ခုံ(1.4'x1.6'x3.2') | ၁၀ လုံး |
| ၁၆။ | ကျွန်း၊ မှန်ဗီရို(3'10"x6') | ၁ လုံး |
| ၁၇။ | စာကြည့်တိုက်သုံးအံဆွဲဗီရို | ၁ လုံး |
| ၁၈။ | စာကြည့်စားပွဲ(၄ယောက်တွဲ) | ၁၀ လုံး |
| ၁၉။ | ဘွဲ့နှင်းသဘင်ထိုင်ခုံ | ၃၅ လုံး |
| ၂၀။ | Plastic Chair(Armed) | ၂၀ လုံး |
| ၂၁။ | Lab Table(9'x3') | ၂၀ လုံး |
| ၂၂။ | Hardware Lab Table(10'x3') | ၅ လုံး |
| ၂၃။ | Physics Lab Table(15'x5') | ၅ လုံး |
| ၂၄။ | Aluminium Ladder | ၃ လုံး |
| ၂၅။ | Information Science Lab Room Database Management System(DBMS)Lab အခန်းအတွက် လိုအပ်သောပရိဘောဂများဖြည့်ဆည်းခြင်း | ၁ စုံ |

၂။ အိတ်ဖွင့်တင်ဒါများကို ၁၅-၁၀-၂၀၁၄ရက် နံနက် ၁၁နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး၊ တင်ဒါလျှောက်လွှာများကို ကွန်ပျူတာတက္ကသိုလ်(မန္တလေး)၊ ငွေစာရင်းဌာနတွင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကွန်ပျူတာတက္ကသိုလ်(မန္တလေး) ဖုန်း-၀၉-၆၅၂၅၃၀၄၊ ၀၉-၆၅၀၅၃၆၆၊ ၀၉-၄၄၄၀၄၃၄၆၅ တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ကွန်ပျူတာတက္ကသိုလ်(မန္တလေး)**
**တင်ဒါခေါ်ယူရေးအဖွဲ့**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 9E/8080 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖြည့်စွက်ဖတ်ရှုပါရန်**

၁၁-၅-၂၀၁၄ ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ(၂၂) ကန့်ကွက်ကြော်ငြာ မြောက်ဥက္ကလာပမြို့နယ် GP ဦးကျော်ကျော်ထွန်း၏ မြေပုံကူးတွင် ပိုင်ဆိုင်စာချုပ်ရန်အစား ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**
**ညွှန်ကြားရေးမှူးရုံး**
**ရှမ်းပြည်နယ်၊ တောင်ကြီးမြို့**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုငွေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ရုံးသုံးပရိဘောဂပစ္စည်းများ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | အရာရှိစားပွဲ (၅'×၃'×၂' ၆") | (၄) လုံး |
| (ခ) | အမှုထမ်းစားပွဲ(၄'×၂' ၆"×၂' ၆") | (၆) လုံး |
| (ဂ) | လက်တန်းပါကုလားထိုင်(၁' ၈"×၁' ၁၀"×၁' ၆") | (၄) လုံး |
| (ဃ) | လက်တန်းမပါကုလားထိုင်(၁' ၅"×၁' ၆"×၁' ၆") | (၁၀) လုံး |
| (င) | ဗီရိုအသေး(၃'×၁' ၆"×၄' ၆") | (၃) လုံး |
| (စ) | ကွန်ပျူတာစားပွဲ | (၁) လုံး |
| (ဆ) | ဖိုင်တင်စင်(၃'×၁' ၂"×၃') | (၂) လုံး |

၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံကို ၁-၁၀-၂၀၁၄ရက်မှစ၍ ရောင်းချပါမည်။ တင်ဒါကို ၁၄-၁၀-၂၀၁၄ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ တောင်ကြီးမြို့ ဖုန်း-၀၈၁-၂၀၆၁၀၂ သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ခရမ်းမြို့၊ အမှတ်(၁၂)ရပ်ကွက်နေ (ဘ) ဦးသန်း ၁၂/ခရန(နိုင်)၀၁၂၃၄၅ ကိုင်ဆောင်သူ ဦးမြင့်(ခ) ဦးစန်းမြင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ကမ္ဘာ့နို့တိုက်ကျွေးရေးနေ့အထိမ်းအမှတ် နွားနို့နှင့် ကြက်ဥတိုက်ကျွေး

**ကျွန်းလှ အောက်တိုဘာ ၁**

ကျွန်းလှမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ ကမ္ဘာ့နို့တိုက်ကျွေးရေး အထိမ်းအမှတ်အဖြစ် ကျွန်းလှမြို့ ပိတောက်မြိုင်ရပ်ကွက် အမက(၁)ကျောင်းမှ မူလတန်း ကလေးသူငယ် ၁၃၂ ဦးအား နွားနို့နှင့် ကြက်ဥ အာဟာရများ စက်တင်ဘာ ၂၆ ရက်က တိုက်ကျွေးခဲ့သည်။

နွားနို့သောက်သုံးခြင်း အလေ့အထရှိလာစေရန်နှင့် အနာဂတ်လူငယ်များ ဉာဏ်ရည်မြင့်မားပြီး ကျန်းမာသန်စွမ်းစေရန်အတွက် အာဟာရနွားနို့တိုက်ကျွေးခြင်းဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများ၌ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာညွန့်သောင်းက ပြောကြားသည်။

အာဟာရနွားနို့တိုက်ကျွေးရာသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်ထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ ကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သင်တန်းသားများ တက်ရောက်ကူညီ အားပေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဂျီအေပီစိုက်ပျိုးနည်းစနစ် ကျယ်ပြန့်စွာအကောင်အထည်ဖော်ရေးဆွေးနွေး

**ထားဝယ် အောက်တိုဘာ ၁**

ဒေသတွင်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးနှင့် တစ်ဧကအထွက်နှုန်း တိုးတက်မြင့်မားရေးအတွက် မျိုးကောင်းမျိုးသန့်များ GAP စနစ်ဖြင့် ပြောင်းလဲစိုက်ပျိုးရေးကို ကျယ်ပြန့်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ထားဝယ်မြို့ တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၈ ရက်က ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး(စိုက်ပျိုးရေးပညာပေး) ဦးအေးကိုကိုနှင့် တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဒေသတွင်း စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် GAP စနစ် ကျယ်ပြန့်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးခဲ့သည်။ ထို့နောက် ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ထားဝယ်မြို့ ဇဟာရွာနှင့် သာယာကုန်းရွာများရှိ ပုလဲသွယ် စပ်မျိုးစပါးစိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

